# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၉)


**ဒို့တာဝန်အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲကျင်းပ



**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်းတို့ တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့မှ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌဦးယွက်စစ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# သတ္တုတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်

**နေပြည်တော် မေ ၂၀**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် Nanning မြို့ Nanning International Convention and Exhibition Center ၌ မေ ၁၁ ရက်တွင် ကျင်းပသည့် 2012 China- ASEAN Mining Cooperation Forum and Promotion Exhibition သို့ တက်ရောက်သည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ်အုပ်ချုပ်ရေးမှူး၊ Ministry of Land and Resources of China မှ ဒုတိယဝန်ကြီးနှင့် အာဆီယံ ၁၀ နိုင်ငံမှ သတ္တုကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သတ္တုတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံရှိ သတ္တုကဏ္ဍများတွင် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် Nanning International Convention and Exhibition Center ၌ Guangxi ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ma Biao နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Liyuan Resort ရှိ International Conference Center ၌ Ministry of Land and Resources of China မှ ဒုတိယဝန်ကြီး Mr. Wang Min နှင့်လည်းကောင်း တွေ့ဆုံ၍ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား သတ္တုကဏ္ဍဆိုင်ရာ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမည့်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြသထားသည့် Mining Exhibition၊ Machinery Exhibition၊ Jewellery Exhibition၊ Special Vehicle Exhibition များကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့ Gendale Plaza ရှိ Jade Art Work ပြခန်းသို့ သွားရောက်ပြီး ကျောက်စိမ်းအချောထည်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာ၍ မေ ၁၄ ရက်တွင် China Non- Ferrous Metal Mining(Group) Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Zhang Keli အဖွဲ့နှင့်လည်းကောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Geng Zhiyuan အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

မေ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jieyang မြို့ရှိ CPC Jieyang Committee အထွေထွေအတွင်းရေးမှူး Mr. Chen Lu Ping နှင့်လည်းကောင်း၊ Jieyang မြို့ရှိ ကျောက်မျက်ရတနာကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Xai Yihai နှင့်လည်းကောင်း တွေ့ဆုံ၍ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်မျက်ရတနာပြပွဲ

*စာမျက်နှာ ၃ ကော်လံ ၁* ❍

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် မေ ၂၁ ရက်)

# ပြန်လာခဲ့ပါ ကိုမြန်မာ

ယနေ့မြန်မာနိုင်ငံ၏ ပကတိအခြေအနေသည် ပွင့်သစ်စ ကြာ၊ ထွန်းသစ်စ လပမာ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းတည်းဟူသော ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလှသည့် အခါသမယ ဖြစ်ပါသည်။ မတူညီတာတွေအသာထား တူညီတာတွေပေါင်းစုလျက် ကောင်းမှုအထွေထွေရစေဖို့ ဦးထမ်း ပဲ့ထမ်း ဝိုင်းဝန်းကြိုးပမ်းအားထုတ်နေကြသည့် အခါသမယလည်းဖြစ်ပေသည်။

ပြုပြင်ပြောင်းလဲမှုကိုလိုလားနေကြသည့် ပြည်သူများ၏ဆန္ဒနှင့်အညီ နိုင်ငံတော်က ဆက်တိုက်ပြုပြင် ပြောင်းလဲပေးနေပြီဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများသည် ပွင့်လင်းမြင်သာသည့်အပြောင်းအလဲများအဖြစ် မြင်တွေ့နေကြရပေသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်သည်ဆိုသော သဘောအတိုင်း ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှု ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အတော်ပင် ခရီးပေါက်မြောက်ခဲ့ပြီဖြစ်သည်။ တစ်တိုင်း တစ်ပြည်လုံး တည်ငြိမ်အေးချမ်းလာတော့မည်ဖြစ်ပေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင်လည်း တဖြည်းဖြည်းကျယ်ပြန့်လာ နေပြီဖြစ်သည်။ နိုင်ငံထိပ်တန်းခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းမှ ထိပ်သီးပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းရှင်များ စသည်ဖြင့် နေ့စဉ်နှင့်အမျှ ဝင်ထွက်ဆက်ဆံနေကြပြီဖြစ်သည်။ အာရှနိုင်ငံများသာမက အနောက်နိုင်ငံများကပါ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် ဆက်ဆံလာကြသည်။ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအတော်များများ ဖြေလျှော့ပေးခဲ့ပြီဖြစ်သည်။ ပြည်ပနိုင်ငံအချို့က နည်းပညာအကူအညီ၊ စီးပွားရေး အကူအညီစသည်ဖြင့် အကူအညီများပေးရန် ကမ်းလှမ်းနေပြီဖြစ်သည်။

ဤသို့သောအချိန်အခါသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာ စေရေးအတွက် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံးက စုပေါင်းညီညွတ်မှုအားဖြင့် အလုပ်လုပ်ကြရ ပေတော့မည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်လုပ်ကိုင်ကြရ ပေတော့မည်။ ဤသို့အလုပ်လုပ်ကြရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်၏။ အသိပညာ ရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်ရာတွင် ပင်မထောက်တိုင်များပင် ဖြစ်၏။

ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ပြည်ပသို့ရောက်ရှိ နေကြသည့် မြန်မာအသိပညာရှင်၊ အတတ်ပညာရှင်များစွာရှိနေ၏။ ၎င်းတို့အနေဖြင့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတို့ ကမ္ဘာ့အလယ်ဝင့်ထည်နိုင်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ပံ့ပိုးကူညီပေးရန် အချိန်မီပြန်လာသင့်ပြီ။ ပြည်သူအပေါင်းက အသင်တို့ပြန်လာမည့်လမ်းက အားကိုးတကြီး စောင့်မျှော်နေ ကြလေပြီ။

သို့ဖြစ်ပါ၍ ပြည်ပရောက် မြန်မာအသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့အပေါ် အမှန်တကယ်ချစ်မြတ်နိုးခဲ့ပါလျှင် ပြန်လာကြစေချင်သည်။ ပြည်ပရောက် မြန်မာအသိပညာရှင်၊ အတတ်ပညာရှင် ကိုမြန်မာ၊ မောင်မြန်မာ၊ မယ်မြန်မာအပေါင်းတို့အား ပြည်သူ အပေါင်းတို့က စောင့်ကြိုနေကြပြီ။ အမြန်ဆုံးပြန်လာကြပါရန် ဖိတ်ခေါ်တိုက်တွန်းလိုက်ရပါသည်။ ။



## လှူဒါန်း

ဦးကျော်အား ရည်စူး၍ အမှတ် ၁၆ (ခ) (၂) လမ်းသွယ်(၁) (၁) ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်မိမိအေး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆွမ်း ဆေးပဒေသာပင် အလှူငွေကျပ် ကိုးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင် ဦးလှမင်း လက်ခံစဉ်။

(သတင်းစဉ်)

# စီမံကိန်းအစည်းအဝေးနှင့်လုပ်ငန်းများအကောင်အထည်ဖော်နိုင်မှု

## အခြေအနေများအား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၀

**စီမံကိန်းအစည်းအဝေးနှင့် လုပ်ငန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေများအား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဖွင့်ဦးစွာ မွန်ပြည်နယ် စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ဦးစီးမှူးက ပဉ္စမ ကာလတိုသုံးနှစ်စီမံကိန်းအသစ် ပြန်လည် ရေးဆွဲရေးအပေါ် အကောင်အထည်ဖော် နိုင်မှုအခြေအနေကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းများ အကောင်အထည် ဖော်နိုင်မှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီး များက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ အစိုးရသစ် တာဝန်ယူချိန်မှစ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘဝလုံခြုံရေး၊ ကောင်းမွန် သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်လာရေးတို့ကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်းမွန် သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်လာရေးအတွက် အောက် ခြေဝန်ထမ်းများမှသည် အထက်အဆင့် ဆင့်သော ဝန်ထမ်းများတွင်လည်း တာဝန် ရှိကြောင်းဖြင့် မှာကြားခဲ့ပြီး ၁၁-၅-၂၀၁၂ ရက်တွင် နိုင်ငံတော်သမ္မတရုံး၌ ကျင်းပ သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို ထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေး ဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ ၏လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့် ရှေးဟောင်းပစ္စည်း အပ်နှံသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ပျူခေတ် ပလ္လင်နောက်ခံတံကဲ ကြေးပုံလောင်း၊ ပျူခေတ်ပုတီးစေ့နှင့်

## ပျူခေတ် ဗုဒ္ဓဆင်းတုတော် အပ်နှံသူများအား ဆုချီးမြှင့်

**နေပြည်တော် မေ ၂၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ကန်ဦးကျေးရွာ နေ ဦးကြည်လင်း၏ သားနှစ်ဦးသည် ရွာ အရှေ့ဘက် လိပ်ခွံတောင်ပေါ်မှ အလျား ၁၉ လက်မ၊ အနံ ၁၄ ဒသမ ၅ လက်မ၊ အထူ ၀ ဒသမ ၂၅ လက်မရှိ ပျူခေတ် ပလ္လင် နောက်ခံတံကဲ ကြေးပုံလောင်း တစ်ခုကို လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ အုပ်စု မယ်ဇလီကုန်းကျေးရွာနေ ဦးတင် စိုးလွင်သည် ဥတ္တရသီရိမြို့နယ် လှဲ့ဝန်း ကျေးရွာ၌ ဝါးခုတ်ရာမှ ပျူခေတ်ပုတီးစေ့ များကိုလည်းကောင်း၊ ကိုထိုက်(ခ)ကိုမှုံကြီး တို့အဖွဲ့သည် နေပြည်တော် ပျဉ်းမနား မြို့နယ် လေ့ခွင်းတောင်ပေါ် ဘုန်းတော် ကြီးကျောင်းသစ် အနီးမှ ဉာဏ်တော် ၄ ဒသမ ၅ လက်မရှိ ပဥ္စလောဟာပျူခေတ် လက်ရာ ဗုဒ္ဓဆင်းတုတော်ကိုလည်းကောင်း တွေ့ရှိခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ် ရေးမှူးရုံးမှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည်။

အဆိုပါ ရှေးဟောင်းပစ္စည်း အပ်နှံ သူများအား ဆုကြေးငွေ ပေးအပ်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ပျဉ်းမနား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က ယခုကဲ့သို့ ပျူခေတ်လက်ရာပစ္စည်းများ လာရောက် အပ်နှံမှုအတွက် ကျေးဇူးတင်ရှိကြောင်း နှင့်ရှေးဟောင်းပစ္စည်း၏ မူလတန်ဖိုးအပေါ် တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာ တန်ဖိုးထပ်ဆောင်းလျက် ယဉ်ကျေးမှု ဝန်ကြီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့် လျက်ရှိကြောင်း ပြောကြားပြီး ပျူခေတ် လက်ရာ ပလ္လင်နောက်ခံတံကဲ ကြေးပုံ လောင်းအပ်နှံသော ဦးကြည်လင်းနှင့် သားများအား ငွေကျပ် ၄၀၃၂၀၀၊ ပျူခေတ် လက်ရာ ပုတီးစေ့များ အပ်နှံသော ဦးတင် စိုးလွင်အား ငွေကျပ် ၂၁၆၀၀၀၊ ပျူခေတ် လက်ရာ ပဥ္စလောဟာဗုဒ္ဓဆင်းတုတော် အပ်နှံသော ကိုထိုက်(ခေါ်) ကိုမှုံကြီးတို့ အဖွဲ့အား ငွေကျပ် ၂၇၀၀၀၀ ပေးအပ် ချီးမြှင့်သည်။

ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံအနှံ့မှ တွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်လျက် ရှိပြီး ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းပစ္စည်းများကို စုဆောင်း ထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။
၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။
၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသော စပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီးကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့် ဆုံးရှုံးမှုသက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြ ရန်။
၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။
၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်း ပြီးကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။
၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကိုကျင့်သုံး၍ နီးစပ်ရာ ကုန်းမြင့် နေရာရွေးချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။
၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအား စုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာစက်မှုလယ်ယာဦးစီး ဌာန၏ အကူအညီကို ရယူဆောင်ရွက်ရန်။
၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာ အောက်သို့ ရွှေ့ပြောင်းထားရှိရန်၊ ရွှေ့ပြောင်းရန် အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ် စုပုံထား ပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာဖုံးအုပ်ပေးရန်။
၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့် လည်း ကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့်လည်းကောင်း လူအင်အားအပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။
၁၀။ မိုးမိလျှင် အစိုဓာတ်ကြောင့် စပါးများအစေ့အောက်ခြင်း၊ အရည်အသွေး ကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်၊ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။
၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။
၁၂။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူ ဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၅-၂၀၁၂ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၅း၂၀ MRTV-4 သတင်း
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၈)
၇း၃၀ MRTV- 4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၂)
၁၁း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၄)
၂း၀၀ MRTV-4 သတင်း
၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၈)
၃း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၄၂)
၆း၀၀ MRTV-4 သတင်း
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၉)
၈း၀၀ MRTV- 4 သတင်း
၈း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၇)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၃)
၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၅)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာအနီးရှိ တစ်ကွင်းတစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး ၆၆ ဧက၌ အောင်နှံများ ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၆၆ ဧက စိုက်ကွင်း

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၁၉ ရက် ညနေ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ခပေါင်းဆည်ရေသောက် လက်ယာမြောင်းမကြီး ရေသောက်စနစ်မှ နွေစပါးအတွက် ဆည်ရေပေးဝေနေမှုများနှင့် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ပိတောက်ခင်ကျေးရွာအနီးရှိ တစ်ကွင်းတစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး ၆၆ ဧက၌ အောင်နှံများ ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးသည်။

**တိုက်တွန်းပြောကြား**

ထို့နောက် စိုက်ကွင်းအနီး ရှင်းလင်းဆောင်၌ ဒေသခံတောင်သူလယ်သမားများအားတွေ့ဆုံ၍ စိုက်ခင်းဖြစ်ထွန်း အောင်မြင်ရေးအတွက် လိုအပ်သောအာဟာရရရှိရန် သွင်းအားစုမြေဩဇာများကို ထည့်သွင်းသုံးစွဲရန် လိုအပ်ကြောင်း၊ တောင်သူလယ်သမားများနှင့် ပုလဲသွယ်စပ်မျိုးစပါးကို စျေးကောင်းပေး ကြိုတင်ငွေပေးချေဝယ်ယူသည့် အထူးပြုကုမ္ပဏီတို့အကြား အပြန်အလှန် ယုံကြည်မှုရှိစွာဖြင့် စ-လယ်-ဆုံး ဆောင်ရွက်နိုင်ကြရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော စျေးကွက်ရရှိပြီး တောင်သူများအကျိုးရှိစေမည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးခြင်းကို ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်သူလယ်သမားများအား လယ်ယာစီးပွားစာစောင်များနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ထို့အပြင် အဆိုပါဆွေးနွေးပွဲသို့ ပြည်တွင်း/ပြည်ပမှ သတင်းထောက်များ၊ မီဒီယာများ၊ စာနယ်ဇင်းများ တက်ရောက်၍ သတင်းရယူကြသည်။

ဆွေးနွေးပွဲမစတင်မီ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်တို့သည် ဆွေးနွေးပွဲခန်းမအတွင်း၌ ရင်းနှီးခင်မင်စွာ လက်ဆွဲနှုတ်ဆက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲအား စတင်ကျင်းပရာ ပထမဦးစွာ ဗိုလ်ချုပ်ကြီး စိုးဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**မိတ်ဆက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းမိန့်ကို ဖတ်ကြားပြီး အဖွဲ့ဝင်များနှင့်မိတ်ဆက်ပေးသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS / SSA) မှ ရေးဆွဲတင်ပြဆွေးနွေးသည့် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး စီမံချက်အား ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်ဖက်အဖွဲ့ခေါင်းဆောင်များသည် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန်နှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြပြီး အဖွဲ့ဝင်များကလည်း ဖြည့်စွက်ဆွေးနွေးကြသည်။

**အပြန်အလှန်ပေးအပ်**

ဆွေးနွေးပွဲအပြီးတွင် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် နှစ်ဖက်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် နှစ်ဦးနှစ်ဖက်သဘောတူညီချက်များအား လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ယင်းနောက် နှစ်ဖက်အဖွဲ့မှ တာဝန်ရှိသူများသည် ပြည်တွင်း/ပြည်ပမှ သတင်းထောက်များ၊ မီဒီယာများ၊ စာနယ်ဇင်းများနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် နှစ်ဖက်အဖွဲ့များသည် ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ကျင်းပသော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲအထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီ နှစ်ဖက်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ကျိုင်းတုံမြို့ ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့က ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်က ကပြဖျော်ဖြေကြသော ရိုးရာယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဂုဏ်ပြုဆုငွေများကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ရှေ့ဖုံးမှ*

ရောင်းအားမြှင့်တင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး ကျောက်စိမ်းအချောထည်လုပ်ငန်းများနှင့် ကျောက်စိမ်းအချောထည်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

မေ ၁၆ ရက်တွင် ဟောင်ကောင်မြို့၌ ဟောင်ကောင်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ ဟောင်ကောင်ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်မှုသင်တန်းကျောင်းသို့ သွားရောက်၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အား ကြည့်ရှုလေ့လာသည်။ မေ ၁၇ ရက်တွင် ဟောင်ကောင်မြို့ရှိ ခရိုင်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်မျက်ရတနာပြပွဲအရောင်းမြှင့်တင်ရေးဆိုင်ရာများအား ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြပြီး မေ ၁၈ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးကိုသတိ မြဲထားရှိ**

**စောင့်ကြည့်နေပါ သင့်ဝန်တာ**

# မြောင်းမြမြို့၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်၍ ရေသန့်စင်စက်တပ်ဆင်

**သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း-ကိုထွေး**

မြောင်းမြ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သည် မြစ်၊ ချောင်းများအနီး တည်ရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေအတွက် ရေတွင်း၊ ရေကန်များကိုသာ အဓိကအားထားအသုံးပြုရသော မြို့ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုဖြစ်ပေါ်ပါက သောက်သုံးရေ ပြတ်လပ်မှု အခက်အခဲနှင့် ကြုံတွေ့ရလေ့ရှိသည်။

**တပ်ဆင်အသုံးပြု**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် မြောင်းမြမြို့၌ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီး နောက်ပိုင်းမှစ၍ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းများ အောင်မြင်စွာတူးဖော် နိုင်သကဲ့သို့ ရေသန့်စင်စက်လည်း တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီ ဖြစ်သည်။

**မြောင်း မြ မြို့ မြစိမ်းရောင်တောင် သာသနာ့ နယ်မြေ၌ အောင်မြင်စွာ တူးဖော်နိုင်ခဲ့သော ခြောက်လက်မ စက်ရေတွင်းမှ အရည်အသွေးကောင်းမွန်သောရေများ ထွက်ရှိနေမှုကို တွေ့ရစဉ်။**



**တူးဖော်ပေး**

မြောင်းမြမြို့၌ စက်ရေတွင်းများ အောင်မြင်စွာ တူးဖော်နိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ မြောင်းမြခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေလင်းက "နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်ချိန်ကစပြီး မြောင်းမြမြို့နယ်အတွင်းက ကျေးရွာတွေမှာ သောက်သုံးရေသန့်ရရှိရေး အတွက် စက်ရေတွင်းတွေ စတင်တူးဖော်ပေးခဲ့ပါတယ်။ အဲဒီအစီအစဉ်ထဲမှာ ကုန်းသာကျေးရွာအုပ်စု မြစိမ်းရောင်တောင် သာသနာ့နယ်မြေမှာ နှစ်လက်မ စက်ရေတွင်းတစ်တွင်းနဲ့ ခြောက်လက်မစက်ရေတွင်းတစ်တွင်း၊ မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက်မှာ လေးလက်မ စက်ရေတွင်းတစ်တွင်း၊ ဇလပ်ကွင်းကျေးရွာအုပ်စု ရှခင်းသာရှိ စွမ်းအားပရိယတ္တိတောရကျောင်းတိုက်မှာ နှစ်လက်မစက်ရေတွင်းတစ်တွင်း စုစုပေါင်းစက်ရေတွင်း လေးတွင်း အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပါတယ်" ဟု ပြောကြားသည်။

**အသုံးပြုနိုင်**

မြောင်းမြမြို့နယ် ကုန်းသာကျေးရွာအုပ်စု မြစိမ်းရောင်တောင် သာသနာ့နယ်မြေတွင် နှစ်လက်မ စက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၁-၇-၂၀၁၁ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၁၀-၇-၂၀၁၁ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ နှစ်လက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူးအနက် ပေ ၄၂၅ ပေ၊ ရေနေပေ (၃၃/၃၅)ပေ၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀ ဖြစ်ပြီး ဓာတ်ခွဲ စမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

ထို့ပြင် မြစိမ်းရောင်တောင် သာသနာ့နယ်မြေ၌ပင် ခြောက်လက်မ စက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၆-၇-၂၀၁၁ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၃၀-၇-၂၀၁၁ ရက်တွင်အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါခြောက်လက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူးအနက်ပေ ၃၂၀၊ ရေနေပေ(၃၅/၇၅)ပေ၊ ရေထွက်နှုန်း တစ်နာရီဂါလန် ၃၅၀၀ ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

မြောင်းမြမြို့ မြစိမ်းရောင်တောင် သာသနာ့နယ်မြေ၌ နှစ်လက်မစက်ရေတွင်းနှင့် ခြောက်လက်မစက်ရေတွင်းတို့ကို အောင်မြင်စွာတူးဖော်နိုင်ခဲ့သဖြင့် သာသနာ့နယ်မြေအတွင်း နေထိုင်ကြသော ရဟန်းရှင်လူပြည်သူများအတွက် သောက်သုံးရေ ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ မြစိမ်းရောင်တောင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာသနိက အဆောက်အအုံများ တည်ဆောက်ရေး အတွက်ပါ အကျိုးပြုနိုင်ကြောင်း သိရသည်။

မြောင်းမြမြို့နယ် ဇလပ်ကွင်းကျေးရွာ အုပ်စု ရှခင်းသာရှိ စွမ်းအားပရိယတ္တိ တောရကျောင်းတိုက်အတွင်း၌ နှစ်လက်မ စက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၁၀-၁၂-၂၀၁၁ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၂၇-၁၂-၂၀၁၁ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ နှစ်လက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူး အနက်ပေ ၃၄၀၊ ရေနေပေ (၃၀/၇၅)ပေ၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀ ဖြစ်သည်။

**ဖြန့်ဝေပေး**

ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေး PH-6 ဒသမ 85 ရှိပြီး အထူးကြည်လင်ကောင်းမွန်ကာ သတ္တုဓာတ်ပါဝင်မှု မရှိသလောက်နည်း၍ ရေသန့်စင်စက်မှထွက်ရှိသော ရေအဆင့်အတန်းမျိုးဖြစ်၍ သောက်ရေအတွက် အထူးသင့်လျော်ကြောင်း သိရသည်။ ယခုအခါ အဆိုပါစက်ရေတွင်းမှ ထွက်ရှိသောသောက်ရေသန့်ကို ကျောင်းတိုက်အတွင်း တောရဆောက်တည်ကြသည့် ရဟန်းသံဃာတော်များ၊ တရားစခန်းဝင် ယောဂီများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ လှူဒါန်း ဖြန့်ဝေပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ပြင် မြောင်းမြမြို့ပေါ်ရှိ အမှတ်(၈)ရပ်ကွက်၌ လေးလက်မ စက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၂၇-၃-၂၀၁၂ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၈-၄-၂၀၁၂ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ လေးလက်မ ကျောက်စရစ်ရံ စက်ရေတွင်းသည် တွင်းတူးအနက်ပေ ၃၃၅ ပေ၊ ရေနေပေ (၁၈/၁၁၃)ပေ၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၂၀၀ ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေး ကောင်းမွန်သဖြင့် ရပ်ကွက်အနီးနေ ရဟန်းရှင်လူပြည်သူများ ဆယ့်နှစ်ရာသီပတ်လုံး သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ကြပြီ ဖြစ်သည်။

ယခုအခါ အမှတ်(၈)ရပ်ကွက်ရှိ စက်ရေတွင်း အောင်မြင်စွာတူးဖော်နိုင်ခဲ့သည့်နေရာမှ အလယ်တောရစာသင်တိုက်သို့ ရေပိုက်လိုင်းပေ ၇၅၀ သွယ်တန်း၍ အဆင့်မြင့်သောက်သုံးရေသန့်စင်စနစ်ကိုပါ တပ်ဆင်ခဲ့ပြီ ဖြစ်သည်။ မြောင်းမြမြို့ အလယ်တောရစာသင်တိုက်အတွင်း၌ ၁၁-၅-၂၀၁၂ ရက်တွင် TAC ကုမ္ပဏီက NSF Standard ရေသန့်ပစ္စည်းများဖြင့် ပြုလုပ်ထားသော အဆင့်မီသောက်ရေသန့်စနစ်ကို အောင်မြင်စွာ တပ်ဆင်နိုင်ခဲ့ပြီဖြစ်ရာ ကျောင်းနေရဟန်းသံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ အထူးကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကူညီစီစဉ်မှု၊ မြေအောက်ရေဌာနခွဲနှင့် မြောင်းမြခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် မြောင်းမြမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာသာသနာ စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေသည့် စက်ရေတွင်းများ တူးဖော်၍ ရေသန့်စင်စက် တပ်ဆင်ပေးခဲ့ခြင်းအပေါ် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများကလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြကြောင်း တင်ပြလိုက်ရပါသည်။ ။

21-5 (03).pmd 1 5/21/2012, 1:51 AM

မိုးမြင့်လင်းလက် - စုစည်းသည်



## နေဂြိုဟ်၏မျက်နှာပြင်ကို သောကြာဂြိုဟ်ဖြတ်သန်းမည်

**ကွာလာလမ်ပူ မေ ၂၀**

လာမည့် ဇွန် ၆ ရက်၌ သောကြာဂြိုဟ်သည် နေဂြိုဟ်၏မျက်နှာပြင်ပေါ် ဖြတ်သန်းသွားမှုကို ကမ္ဘာမှ ကောင်းစွာမြင်တွေ့ကြရမည်ဟု မလေးရှားအာကာသ သိပ္ပံပညာရှင်များက မေ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ **(အပေါ်ပုံ)**

ထိုသို့ ဖြတ်သန်းရာတွင် နေဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်အကြားမှနေ၍ သောကြာဂြိုဟ် ဖြတ်သန်းမည်ဖြစ်ပြီး ဖြတ်သန်းချိန်မှာ ယင်းနေ့ နံနက် ၆ နာရီ ၀၉ မိနစ်မှ မွန်းလွဲ ၁၂ နာရီ ၀၅ မိနစ်အထိဖြစ်ကြောင်း မလေးရှားနိုင်ငံ အမျိုးသားအာကာသသိပ္ပံအေဂျင်စီမှ သုတေသနပညာရှင် လူချန်ချန်က ပြောကြားသည်။

သောကြာဂြိုဟ်ဖြတ်သန်းရာတွင် နေဂြိုဟ်မျက်နှာပြင်ပေါ်မှ အလွန်သေးငယ်သော အမည်းရောင် ပန်းကန်ပြားတစ်ချပ်သဖွယ် မြင်တွေ့ကြရမည်ဟု ၎င်းတို့ကပြောကြားသည်။ သောကြာဂြိုဟ်သည် နေဂြိုဟ်ကို ဖြတ်သန်းမှုမှာ ယခုရာစုနှစ်တွင် နောက်ဆုံးအကြိမ်ဖြတ်သန်းခြင်းပင်ဖြစ်သည်။

ပြီးခဲ့သည့် နောက်ဆုံးဖြတ်သန်းခဲ့မှုမှာ ၂၀၀၄ ခုနှစ် ဇွန် ၈ ရက်က ဖြစ်သည်။ သောကြာဂြိုဟ်အနေဖြင့် နေဂြိုဟ်မျက်နှာပြင်ကို နောက်တစ်ကြိမ်ဖြတ်သန်းရန်မှာ နှစ်ပေါင်းများစွာကြာဦးမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ ဖြတ်သန်းနေပုံကို ပစိဖိတ်အနောက်ပိုင်းဒေသ၊ အာရှအရှေ့ပိုင်း၊ ဩစတြေးလျအရှေ့ပိုင်း၊ အမေရိကအလယ်ပိုင်းနှင့် တောင်အာဖရိကမြောက်ပိုင်းတို့၌ ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

## ယခင်ထက် အဆ ၁၀၀ ပိုမိုလျင်မြန်စွာအသုံးပြုနိုင်သည့် ဆီလီကွန်ချစ်ပ်ပြားထုတ်လုပ်



**လန်ဒန် မေ ၂၀**

သဲနှင့်ကျောက်များတွင်ပါရှိပြီး ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြုလုပ်ရာတွင်အသုံးပြုသော ဆီလီကွန်ဒြပ်စင်မှ ထုတ်လုပ်ထားသည့် မှတ်ဉာဏ်ချစ်ပ်ပြားအမျိုးအစားသစ် **(ယာပုံ)**ကို ဗြိတိန်သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ကြောင်း မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အလွန်သေးငယ်ပါးလွှာပြီး ယခင်ကထုတ်လုပ်ခဲ့သော မှတ်ဉာဏ်ချစ်ပ်ပြားများထက် အဆ ၁၀၀ ခန့်ပိုမိုလျင်မြန်စွာ အသုံးပြုနိုင်သည်။ ယင်းဆီလီကွန်ချစ်ပ်ပြားကို လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များကလည်း စွမ်းရည်မြင့်မားစွာအသုံးပြုနိုင်ကြောင်း အတည်ပြုပေးထားသည်။

နောက်ဆုံးပေါ်နည်းပညာများဖြင့်ထုတ်လုပ်ထားသော ဆီလီကွန်ချစ်ပ်ပြားသည် အချက်အလက်ပေါင်းများစွာကို မှတ်ယူသိမ်းဆည်းထားနိုင်သည့်အပြင် ကွန်ပျူတာ၊ အင်တာနက်သုံးစွဲသူများ၊ ကွန်ပျူတာပညာရှင်များအတွက် အလွန်အသုံးဝင်သော ချစ်ပ်ပြားလည်းဖြစ်သည်။

ယခုထုတ်လုပ်နိုင်မှုသည် သိပ္ပံလောကတွင် အောင်မြင်မှုတစ်ခုဖြစ်ပြီး ဆီလီကွန် ဒြပ်စင်မှ စွမ်းရည်မြင့်မားသော အိုင်တီပစ္စည်းအမျိုးအစားသစ်များကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**



## ကားငယ်အရွယ်အစားရှိ နှစ်သန်း ၆၀ ခန့်က လိပ်ရုပ်ကြွင်း ကိုလံဘီယာရှိကျောက်မီးသွေးတွင်း၌တွေ့ရှိ

**ဘိုဂိုတာ မေ ၂၀**

တောင်အမေရိကရှိ ကိုလံဘီယာနိုင်ငံတွင် လွန်ခဲ့သော နှစ်သန်း ၆၀ခန့်က ရှေးခေတ်လိပ်ကြီးတစ်ကောင်၏ ရုပ်ကြွင်းကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

၎င်းလိပ်ကြီး၏ ရုပ်ကြွင်းသည် ယခုခေတ်မော်တော်ကားအသေးစား အရွယ်အစားရှိပြီး ကိုလံဘီယာနိုင်ငံရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်းအတွင်းမှနေ၍ အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လိပ်ရုပ်ကြွင်းအခွံ အရွယ်အစားမှာ အရှည် ၁ ဒသမ ၇၁ မီတာရှိသည်။ အလွန်ခိုင်မာသော မေးရိုးနှင့်သွားများပါရှိပြီး မိကျောင်းပေါက်များ၊ လိပ်အကောင်ငယ်များကို ရှာဖွေစားသုံးတတ်သည့် လိပ်အမျိုးအစားဖြစ်သည်။

လိပ်ရုပ်ကြွင်း၏ အနီးဝန်းကျင်တွင် လိပ်ကောင်ငယ်များ၏ အရိုးစုရုပ်ကြွင်းများနှင့် အခြားတိရစ္ဆာန်အကောင်ငယ်များ၏ ရုပ်ကြွင်းများကိုတွေ့ရှိရသည်။ ၎င်းလိပ်မျိုးစိတ်သည် ရေချိုအရပ်တွင် ရှင်သန်ကြီးထွားလေ့ရှိသည့် အမျိုးအစားဖြစ်သည်။ ရေချိုတွင် ရှင်သန်ကျက်စားတတ်သည့် လိပ်မျိုးစိတ်များအနက် အရွယ်အစားအကြီးမားဆုံး လိပ်မျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**



## အာဖဂန်အရှေ့ပိုင်းလေကြောင်းတိုက်ခိုက်မှု အရပ်သားငါးဦးသေဆုံး

**ကဘူးလ် မေ ၂၀**



အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဝါဒက်ပြည်နယ်အတွင်း အမေရိကန်လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားငါးဦး သေဆုံးကြောင်း ပရက်စ်တီဗွီ သတင်းတွင်ဖော်ပြသည်။ **(ယာပုံ)**

ဝါဒက်ပြည်နယ် ဆာယီဒါဘတ်ခရိုင်အတွင်း ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကားတန်းကို တိုက်ခိုက်ရန် လမ်းဘေးဗုံးများထောင်နေသည့် အကြမ်းဖက်သမားများကို မေ ၁၈ ရက်က လေကြောင်းမှတိုက်ခိုက်ခြင်းဖြစ်ကြောင်း ကဘူးလ်မြို့တော်ရှိ အမေရိကန်စစ်ဘက်အရာရှိများက ပြောကြားသည်။

သို့သော် ဒေသခံများက သေဆုံးသူများမှာ မည်သည့် စစ်ဘက်နှင့်မျှအဆက်အသွယ်မရှိသည့် အိုးမဲ့အိမ်မဲ့အရပ်သားများဖြစ်ကြောင်း ပြောကြားကြသည်။ **(အင်တာနက်)**

## လက်ဘနွန်နိုင်ငံ ဆီးရီးယားနယ်စပ်အနီး လက်နက်များ သိမ်းဆည်းရမိ

**ဘေရွတ် မေ ၂၀**

လက်ဘနွန်စစ်တပ်က ဆီးရီးယားနယ်စပ်အနီးမှ လက်နက်နှင့်ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိလိုက်ကြောင်း သိရသည်။ အဆိုပါ လက်နက်ပစ္စည်းများမှာ ဆီးရီးယားလက်နက်ကိုင်များထံ ရောက်မည့် လက်နက်များဖြစ်နိုင်သည်ဟုဆိုသည်။

**တွေ့ရှိ**

မာရှာရီအက်ကားနယ်စပ်ဒေသဂျူရာကျေးရွာအတွင်း လက်ဘနွန်စစ်တပ်က မော်တော်ကားတစ်စီးကို ဟန့်တားစစ်ဆေးရာမှ ထိုလက်နက်များကို တွေ့ရှိခြင်းဖြစ်သည်။

လက်ဘနွန်စစ်တပ်နှင့် သေနတ်သမားများအပြန်အလှန်ပစ်ခတ်ကြရာတွင် သေနတ်သမားတစ်ဦး သေဆုံးပြီး လက်ဘနွန်စစ်သားတစ်ဦး ဒဏ်ရာရရှိသွားသည်။ လက်ဘနွန်နိုင်ငံတောင်ပိုင်း ဆီဒန်မြို့မှလည်း ဖောက်ခွဲရေးပစ္စည်းများတွေ့ရှိ သိမ်းဆည်းရမိသည်ဆို၏။ **(အင်တာနက်)**

## နေတိုးတပ်ဖွဲ့အတွက်ထောက်ပံ့ရေးလမ်းကြောင်း ပါကစ္စတန်နိုင်ငံပြန်လည်ဖွင့်လှစ်ပေး



**အစ္စလမ္မာဘတ် မေ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ အမေရိကန်သံရုံးအတွက် ရုံးသုံးပစ္စည်းများသယ်ဆောင်လာသည့် ထရပ်ကားလေးစီးကို ပါကစ္စတန်နိုင်ငံက နယ်စပ်ဖြတ်ကျော်သယ်ယူခွင့်ပေးလိုက်ကြောင်းသိရသည်။

**ဖြတ်သန်းခွင့်ပြု**

နယ်စပ်ဖြတ်ကျော်သယ်ယူမှုကို လွန်ခဲ့သည့်ခြောက်လကတည်းက ပါကစ္စတန်နိုင်ငံက ပိတ်ထားပြီးနောက် ယခုအကြိမ်သည် ပါကစ္စတန်နိုင်ငံက ပထမဆုံး ဖြတ်သန်းခွင့်ပြုခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နယ်စပ်ရှိ စစ်ဆေးရေးဂိတ်နှစ်ခုကို အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ကလေကြောင်းမှ တိုက်သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးပြီးနောက် အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များထံ ရိက္ခာပို့လမ်းကြောင်း **(ဝဲပုံ)**ကို ပါကစ္စတန်နိုင်ငံက ၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် ပိတ်လိုက်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၀-၅-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

### ဩစတြေးလျမှ အသက်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦး ကမ္ဘာ့အသက်ငယ်ဆုံး ပန်းချီပညာရှင်ဖြစ်လာ

*ဩစတြေးလျနိုင်ငံမှ အသက်ငါးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး (အောက်ပုံ) သည် သူမရေးဆွဲထားသည့်ပန်းချီကားများမှ ပေါင် ၁၀၀၀၀၀ ကျော် ဝင်ငွေရရှိခဲ့ပြီး ကမ္ဘာ့အသက်အငယ်ဆုံး ဆုကြေးစားပန်းချီပညာရှင်အဖြစ် ဖော်ပြခံခဲ့ရကြောင်း မေ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။*



*အီတလီနိုင်ငံသူ အီလီတာအင်ဒရီ အမည်ရှိ အဆိုပါ ပန်းချီပညာရှင်မလေးသည် သူမ၏အသက် နှစ်နှစ်အရွယ် ကတည်းကပင် ပန်းချီကားများရေးဆွဲပြီး ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့၌ ခင်းကျင်းပြသခဲ့သည်ဟုဆိုသည်။*

*ယခုအခါ သူမ၏ ပန်းချီကားတစ်ချပ်စီကို ပေါင် ၃၀၀၀ ကျော်ဖြင့် အသက်သာဆုံးဈေးလျှော့ပေးကာရောင်းချနေပြီး ယင်းရောင်းချမှုမှ ရရှိသည့်ငွေများကို ငွေထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့ထံတွင် တရားဝင်အပ်နှံထားသည်ဟုဆိုသည်။ ကလေးငယ်၏ မိခင်ဖြစ်သည့် ရုရှားနွယ်ဖွား နက်ကာကလာရှာနီကိုဗာက သူမ၏သမီးလေးသည် ပန်းချီဆွဲရာတွင် အထားအသိုအခင်းအကျင်း၊ သူမအသုံးပြုသည့် အရောင်၊ သူမ၏အာရုံစူးစိုက်မှုစွမ်းရည်တို့သည် ကလေးကျောင်းရှိ အခြားသောပန်းချီဆရာများထက် တစ်မူထူးခြား သာလွန်နေသည်ကို တွေ့မြင်နေရကြောင်း Sky New သတင်းဌာနသို့ ပြောကြားခဲ့သည်။ တစ်ခါတစ်ရံသမီးလေးသည် တစ်နာရီ၊ တစ်နာရီခွဲခန့်ကြာမျှ ပန်းချီဆွဲပြီး ခဏကြာ လမ်းထွက်လျှောက်လိုက်၊ တစ်ဖန် ပြန်လာလိုက်ဖြင့် ပန်းချီဆွဲလေ့ရှိကြောင်း၊ ၎င်းသည် သူမရဲ့ အာရုံစူးစိုက်တွေးခေါ်မှုဖြစ်ကြောင်း သတင်းဌာနသို့ ဆက်လက်ပြောကြားသည်။*

### ကော်စတာကွန်ကော်ဒီယာသင်္ဘောပျက် လာမည့်နှစ်အစောပိုင်းတွင်ဆွဲယူမည်

*အီတလီကမ်းခြေတွင် ဇန်နဝါရီလအတွင်းက သောင်တင်နေခဲ့သည့်ကော်စတာကွန်ကော်ဒီယာ အပျော်စီးသင်္ဘောပျက်ကြီး တိမ်းမှောက်မှုကို ဖယ်ရှားရှင်းလင်းရန်အတွက် ရွေးချယ်ထားသည့် အမေရိကန်ပိုင် ရေကြောင်းကယ်ဆယ်ရေး ကုမ္ပဏီက အဆိုပါသင်္ဘောကြီးအား ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ဆွဲယူရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများက မေ ၂၀ ရက်တွင် ပြောကြားသည်။ ယခုအချိန်တွင် အဆိုပါသင်္ဘောကြီးကို ဂျီလီယိုကျွန်း ဆိပ်ကမ်းအနီးရှိ ပင်လယ်ကြမ်းပြင်ကျောက်တုံးပေါ်တွင်ထားမည်ဖြစ်ကြောင်း၊ လာမည့်နှစ်စပိုင်းတွင် ပြန်လည်တည့်မတ်သွားမည်ဖြစ်ကြောင်း ရေယာဉ်မှူးရစ်ချက်ဟာဘစ်နှင့် ယင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး တီတန်က ပြောကြားသည်။ အဆိုပါသင်္ဘောကြီးကို ဖြိုဖျက်ရန်အတွက် အီတလီဆိပ်ကမ်းသို့ ဆွဲယူသွားမည်ဖြစ်ကြောင်း တီတန်က News 24 သတင်းဌာနသို့ ပြောကြားခဲ့သည်။* **(အင်တာနက်)**

# ကမ္ဘာ့တည်ငြိမ်ရေးနှင့် စီးပွားရေးနာလန်ထူရေး ယူရိုဇုန်ကျစ်လျစ်တောင့်တင်းရန် အရေးကြီး

**တိုး - ရေးသားသည်**

ကမ္ဘာ့စီးပွားရေးအင်အားကြီးရှစ်နိုင်ငံအုပ်စု (ဂျီ-၈)ဝင် ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်၊ ဗြိတိန်၊ အီတလီ၊ ဂျပန်၊ ကနေဒါနှင့် ရုရှားနိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးမှာ အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် ဒေးဗစ်အပန်းဖြေစခန်း၌ မေ ၁၉ ရက်က ကျင်းပပြီးစီးသွားပြီဖြစ်သည်။

ရှစ်နိုင်ငံအုပ်စု (ဂျီ-၈) ခေါင်းဆောင်များက ငွေရေးကြေးရေး တာဝန်ယူမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ရန် သုံးသပ်ကြပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ပြောကြားလိုက်သည်။

**တညီတညွတ်**

ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ဆက်စပ်စဉ်းစားရမည့် အခြေအနေအဖြစ် အလုပ်အကိုင်များ ဖန်တီးမှု တိုးမြှင့်ဆောင်ရွက်ရမည်ဟုလည်း တညီတညွတ်တည်း သဘောရရှိကြောင်း ဂျီ-၈ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးသည့် အမေရိကန်သမ္မတ အိုဘားမားက ပြောကြားသည်။

ဂရိနိုင်ငံ၌ ဇွန်လ ၁၇ ရက်၌ ထပ်မံကျင်းပမည့် ရွေးကောက်ပွဲအပြီးတွင် ဂရိနိုင်ငံသည် ယူရိုဇုန်မှ ထွက်သွားကောင်းသွားမည့်အရေးကိုလည်း ထိပ်သီးအစည်းအဝေးတွင် အကြီးအကျယ်ဆွေးနွေးကြသည်။

**ဦးစားပေး**

ယခုအခါ ဥရောပနိုင်ငံများအနေဖြင့် အလုပ်အကိုင်များဖန်တီးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်းကို သဘောထားချင်းတူညီကြသည်ဟုလည်း သမ္မတအိုဘားမားက ပြောကြားသည်။

ဥရောပနိုင်ငံများအနေဖြင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု အမေရိကန်နိုင်ငံကယုံကြည်ကြောင်း ဂျီ-၈ ထိပ်သီးအစည်းအဝေးအပြီးတွင် သမ္မတအိုဘားမားကပြောကြားသည်။

ဤထိပ်သီးအစည်းအဝေး၌ အကြောင်းအရာများစွာကို ဆွေးနွေးကြသည်။ ယူရိုဇုန်အကျပ်အတည်းအပြင် အီရန်အရေး၊ အာဖဂန်နစ္စတန်အရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဖြန့်ဖြူးမှုကိစ္စများကိုလည်း ထည့်သွင်းဆွေးနွေးကြောင်း သိရသည်။




**ကမ္ဘာ့စီးပွားရေးအင်အားကြီးရှစ်နိုင်ငံအုပ်စု (ဂျီ-၈)ဝင် ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်၊ ဗြိတိန်၊ အီတလီ၊ ဂျပန်၊ ကနေဒါနှင့် ရုရှားနိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးမှာ အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် ဒေးဗစ်အပန်းဖြေစခန်း၌ မေ ၁၉ ရက်က ကျင်းပပြီးစီးသွားပြီဖြစ်သည်။**

**ညှိနှိုင်းဆွေးနွေး**

စွမ်းအင်ဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်တကွ အီရန်၊ အာဖဂန်နစ္စတန်နှင့် မြောက်ကိုရီးယား အခြေအနေများ အပါအဝင် အခြားရေးရာကိစ္စများကို ထိပ်သီးအစည်းအဝေးတက်သည့် ခေါင်းဆောင်များက ဆွေးနွေးသည်။ အီရန်ရေနံတင်ပို့မှုပိတ်ပင်ခြင်းကြောင့် စွမ်းအင်ဈေးကွက် ဂယက်ရိုက်သွားမှုကို ထိန်းသည့်နည်းလမ်းများအား အကျေအလည် ဆွေးနွေးသည်။ အာဖရိကခေါင်းဆောင်များ ပုဂ္ဂလိက ကဏ္ဍအပါအဝင် စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်သက်၍ အလေးထား ဆောင်ရွက်မည့် မဟာမိတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းလိုက်ကြောင်းသိရသည်။ သို့သော် ယူရိုဇုန်အကျပ်အတည်းကိုမူ ထိပ်သီးအစည်းအဝေးက အထူးပင် ညှိနှိုင်းဆွေးနွေးသည်ဟု သိရသည်။

**ဝန်ခံ**

ဤထိပ်သီးအစည်းအဝေးသို့တက်ရောက်သည့် ခေါင်းဆောင်အားလုံးတို့က ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဖန်တီးရေးကို ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် သက်မှတ်ရန် ယနေ့သဘောတူညီကြကြောင်း အစည်းအဝေးအပြီးတွင် သမ္မတ အိုဘားမားက ထပ်မံအတည်ပြုပြောကြားသည်။ အမေရိကန်နိုင်ငံအနေဖြင့်လည်း မိမိဘဏ္ဍာရေးအကျပ်အတည်းကို ဤနည်းအတိုင်း ချဉ်းကပ်စေကြောင်း သမ္မတ အိုဘားမားက အလေးထား ပြောကြားလျက် ဥရောပနိုင်ငံများအနေဖြင့် လမ်းမှန်ကိုဦးတည် လျှောက်လှမ်းနေသည်ဟု သူယုံကြည်ကြောင်း ပြောကြားသည်။ သို့သော် ဥရောပတိုက်၏ လက်ရှိအခြေအနေမှာ အမေရိကန်နိုင်ငံ၏ အခြေအနေထက် ပိုမိုရှုပ်ထွေးသည်ကိုမူ သမ္မတအိုဘားမားက ဝန်ခံလိုက်သည်။

**ကြေညာချက်ထုတ်ပြန်**

ကမ္ဘာ့စီးပွားရေး အင်အားကြီးရှစ်နိုင်ငံ(ဂျီ-၈)ထိပ်သီးအစည်းအဝေးတက်ရောက်သည့်ခေါင်းဆောင်များက ကြေညာချက်ထုတ်ပြန်ရာတွင် ကမ္ဘာ့တည်ငြိမ်ရေးနှင့် စီးပွားရေးနာလန်ထူရေးအတွက် ယူရိုဇုန်ကျစ်လျစ်ခိုင်မာတောင့်တင်းရန် အရေးကြီးကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဂရိနိုင်ငံအနေဖြင့် ယင်း၏ကတိကဝတ်များအတိုင်းဆောင်ရွက်ရင်း ယူရိုဇုန်အတွင်းရှိနေရန် လိုအပ်သည်ကို လိုလားကြောင်း ကြေညာချက်တွင်ထည့်သွင်းဖော်ပြထားပါကြောင်း။ ။

**စွမ်းအင်ဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်တကွ အီရန်၊ အာဖဂန်နစ္စတန်နှင့် မြောက်ကိုရီးယား အခြေအနေများ အပါအဝင် အခြားရေးရာကိစ္စများကို ထိပ်သီးအစည်းအဝေးတက်သည့် ခေါင်းဆောင်များက ဆွေးနွေး။**



**ဇော်ဦးခိုင် - ရေးသည်**

# အီတလီတောင်ပိုင်းတွင် ငလျင်လှုပ်၊ လေးဦးသေဆုံး

**ရောမ မေ ၂၀**

အီတလီနိုင်ငံမြောက်ပိုင်းတွင် မေ ၂၀ ရက်အစောပိုင်းက အင်အားရစ်ချ်တာစကေး ၆ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားသည်။

ငလျင်ဗဟိုချက်မှာ ဘိုလော့ဂါမြောက်၊ အနောက်မြောက် ၃၅ ကီလိုမီတာအကွာ၊ မြေအောက်အနက် ၁၀ ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးဌာနက ထုတ်ပြန်သည်။



**ထွက်ပြေး**

ဒေသစံတော်ချိန် နံနက် ၄ နာရီဝန်းကျင်တွင် အဆိုပါ အားပြင်းငလျင်လှုပ်မှုကြောင့် ဘိုလော့ဂါ၊ မိုဒီနာ၊ ဗင်းနစ်၊ ဖာရာရာ၊ ဗာရီနာနှင့် မန်ကျူရာမြို့များတွင် ငလျင်ဒဏ်ကို ကြုံတွေ့ခဲ့ပြီး အိပ်မောကျနေသောလူများစွာမှာလည်း လမ်းပေါ်သို့ ကသုတ်ကရက်ထွက်ပြေးကြကြောင်း သတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)**

**ပြောကြား**

သေဆုံးသူလေးဦးတွင် တစ်ဦးမှာ ပလတ်စတစ်ဝပ်ရှော့တွင် ညပိုင်းအလုပ်ဆင်းနေသူဖြစ်ပြီး ကျန်သုံးဦးမှာ ကြွေထည်မြေထည်စက်ရုံတစ်ရုံမှ အလုပ်သမားများဖြစ်ကြောင်း ကယ်ဆယ်ရေး ဝန်ထမ်းများက ပြောကြားသည်။ **(အင်တာနက်)**



# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ငါးလတာအတွင်း မိုးကြိုးထိမှန်၍ သေဆုံးသူ ၄၇ ဦးအထိရှိ

**ဖနောင်ပင် မေ ၂၀**

ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ ယခုနှစ် ငါးလတာကာလအတွင်း မိုးကြိုးထိမှန်၍ သေဆုံးသူဦးရေ ၄၇ ဦးအထိ ရှိခဲ့ကြောင်း၊ ဒဏ်ရာရသူမှာ ၄၀ရှိကြောင်း ဌာနဆိုင်ရာအရာရှိတစ်ဦးက မေ ၁၉ ရက်တွင် ပြောကြားသည်။

ယခုနှစ် ၂၀၁၂ ခုနှစ်အစောပိုင်းကာလများမှာပင် မိုးကြိုးထိမှန်၍ သေဆုံးသူဦးရေမှာ ၄၇ ဦးရှိပြီး ဒဏ်ရာရသူဦးရေမှာ ၄၀ရှိကြောင်း သဘာဝဘေးဆိုင်ရာ စီမံကိန်းခန့်ခွဲရေးအမျိုးသားကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ကီဂိုဗိုင်က ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထို့ပြင် မိုးကြိုးထိမှန်၍ ကျွဲ၊ နွား ၂၇ ကောင် သေဆုံးခဲ့ပြီး မိုးကြိုးထိ၍ ပျက်စီးသွားသည့် အိမ်သုံးအိမ်ရှိကြောင်း ကီရိုက ဆက်လက်ပြောကြားသည်။

**ဖော်ပြ**

ကီရို၏ပြောကြားချက်အရ ယခုနှစ် မိုးကြိုးပစ်ချသဖြင့် ထိခိုက်သေဆုံးမှု အရေအတွက်သည် ပြီးခဲ့သည့်နှစ် အလားတူကာလက အရေအတွက်နှင့် နှိုင်းယှဉ်ပါက တူညီနေသည်ကိုတွေ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

၂၀၁၁ ခုနှစ် တစ်နှစ်တာအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးထိမှန်၍ သေဆုံးသူဦးရေမှာ ၁၆၅ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ ၁၃၉ ဦးရှိခဲ့သည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်နိုင်ငံအတွင်းလုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးများဆင်နွှဲ တာလီဘန် ၁၈ ဦး ချေမှုန်းနိုင်၊ ၂၃ ဦး လက်ရဖမ်းဆီး

**ကဘူးလ် မေ ၂၀**

စစ်တပ်နှင့်နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျောထောက်နောက်ခံပြုထားသော အာဖဂန်ရဲဝန်ထမ်းများ၏ နိုင်ငံအနှံ့စစ်ဆင်ရေးများဆင်နွှဲခဲ့၍ ပြီးခဲ့သည့် ၂၄ နာရီအတွင်း တာလီဘန်လက်နက်ကိုင် ၁၈ ဦးကို ချေမှုန်းလိုက်နိုင်ပြီး ၂၃ ဦး လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် နူရီစတန်၊ ပါဝန်၊ ဘတ်ဂါလန်၊ ဘတ်ဒက်ရှန်၊ကန်ဒါဟာ၊ ဟဲလ်မန်၊ လိုဂါ၊ ဂါတနီနှင့် ခိုစ့်ပြည်နယ်များအတွင်း စစ်ဆင်ရေးများ ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း၊ ထိုစစ်ဆင်ရေးများ၏ ၂၄ နာရီအချိန်ပိုင်းအတွင်း တာလီဘန် ၁၈ ဦးကို သုတ်သင်နိုင်ခဲ့ပြီး ၂၃ ဦး ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **(ယာပုံ)**

စစ်ဆင်ရေးများအတွင်း လက်နက်ခဲယမ်းများစွာလည်း သိမ်းဆည်းရမိသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်တို့ဘက်မှ ထိခိုက်သေဆုံးမှုသတင်း ဖော်ပြခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**



21-5 (05).pmd 1 5/21/2012, 1:51 AM

# ကျောက်ဆည်မြို့၌ စက်ရေတွင်းအောင်မြင်စွာတူးဖော်နိုင်

ကျောက်ဆည် မေ ၂၀

ကျောက်ဆည်မြို့နယ် ဝေဘူတောင်တန်း ဝေဘူချောင်သည် ဝေဘူတောင်၏ မြောက်ဘက်အခြေတွင် တည်ရှိသည်။ ဝေဘူတောင်တန်းသည် ကျောက်အတိပြီးသောကြောင့် ရေထွက်နိုင်စွမ်းနည်းပါးပြီး ရေအခက်အခဲရှိသော နေရာဖြစ်သည်။ ထို့ကြောင့် ဝေဘူချောင်တွင် သီတင်းသုံးနေထိုင်လျက်ရှိသော သံဃာတော်များ၊ သီလရှင်များနှင့် တရားထိုင်ယောဂီများ၊ ဒေသခံရွာသူ ရွာသားများအတွက် နေ့စဉ်သောက်သုံးရေ အခက်အခဲရှိနေသည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ➢ ရန်နိုင်ဝင်း(လှိုင်)



ဝေဘူချောင် စက်ရေတွင်းနှင့် ရေဂါလန် ၃၂၀၀ ဆံ့ ရေစင်ကို တွေ့ရစဉ်။

### နေ့စဉ်သုံးစွဲ

ယခင်အခြေအနေက ရေအခက်အခဲများအတွက် မိုးတွင်း၌ရရှိသော မိုးရေကို ရေလှောင်ကန်များ၌ သိုလှောင်၍လည်းကောင်း၊ မြဘုရင်နို့ချက်စက်ရုံမှ ရေဘောက်ဆာဖြင့် ပို့၍လည်းကောင်း နေ့စဉ်သုံးစွဲနေရကြောင်း သိရသည်။ ယခင်က စက်ရေတွင်း တူးခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ဘဲ ဝေဘူချောင်၌ သီတင်းသုံးနေထိုင်လျက်ရှိသော ရဟန်းသံဃာများနှင့် ဒေသခံရွာသူ ရွာသားများသည် နေ့စဉ်ရေအခက်အခဲကို ကြုံတွေ့ခံစားနေရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ရေခက်ခဲသော ဒေသများတွင် စက်ရေတွင်းတူးခြင်းလုပ်ငန်းစီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ဝေဘူချောင်၌ စက်ရေတွင်းတူးရန်အတွက် ဝေဘူချောင်ဂေါပကအဖွဲ့မှ ရေအရင်းအမြစ်ဦးစီးဌာနသို့ တင်ပြရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စီစဉ်ပေးခဲ့သည်။ ဝေဘူချောင် ဂေါပကဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ကျောက်ဆည်ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးအောင်တို့ ဦးစီး၍ ၂၀၁၁ ခုနှစ် မေ ၁၄ ရက်မှစ၍ မြေအောက်ရေကို ရှာဖွေဖော်ထုတ်ကာ စက်ရေတွင်းတူးခြင်း စတင်ခဲ့သည်။

၎င်းစက်ရေတွင်းတူးရာတွင် မြေအောက်ပေ ၃၆၅ ပေ အရောက်တွင် မြေအောက်ရေ ၁ နာရီလျှင် ဂါလန် ၂၀၀၀ ထွက်ရှိကာ ရေလုံလောက်စွာ ရရှိခဲ့ပြီး စက်ရေတွင်းတူးဖော်သည့်လုပ်ငန်းသည် ၁၇-၆-၂၀၁၁ ရက်နေ့၌ ပြီးဆုံးခဲ့သည်။



ဒေသခံပြည်သူများ ဝေဘူချောင်စက်ရေတွင်း ရေကန်မှ ရေများ ခပ်ယူနေကြစဉ်။

စက်ရေတွင်းမှ ရေများကို လျှပ်စစ်ရေမြှင့်ပန့်ဖြင့် ၎င်းရေတွင်းအနီး အမြင့်ပေ ၃၂ ပေရှိ ရေစင်တွင် ရေဂါလန် ၃၂၀၀ ဆံ့ရေကန်ဖြင့် ဝေဘူချောင်ကျောင်းတိုက်များအား ရေပေးဝေခြင်း၊ ဝေဘူတောင်တန်း စိမ်းလန်းစိုပြည်ရန်နှင့် တောင်ပေါ်တွင် သောက်သုံးရေရရှိရန်အတွက် တောင်ပေါ်သို့ ရေရောက်အောင် ရေတင်ပိုက်လိုင်းသွယ်တန်း၍ ရေမောင်းနှင်နိုင်ခဲ့ပြီး ဖြစ်သည်။ ဝေဘူချောင် စက်ရေတွင်း ၃၂၀၀ ဂါလန်ဆံ့ ရေစင်၏ အောက်ခြေရှိ အုတ်ရေလှောင်ကန်ထဲသို့ နေ့စဉ် ရေများမောင်းထည့်၍ အဆိုပါဒေသရှိ ကျေးရွာသူ ကျေးရွာသားများအား အချိန်မရွေး ရေသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

### ပြေလည်

ဤကဲ့သို့ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လှူဒါန်းပေးသော အဆိုပါစက်ရေတွင်းကြောင့် ဤဒေသရှိ ကျေးရွာသူ ကျေးရွာသားများ၏ နေ့စဉ်ကြုံတွေ့နေရသော ရေအခက်အခဲပြဿနာပြေလည်ရုံသာမက တောင်ပေါ်နှင့် သီတင်းသုံးနေထိုင်လျက်ရှိသော သံဃာတော်များ၏ သောက်သုံးရေအခက်အခဲလည်း ပြေလည်ခဲ့ကြောင်း သိရှိခဲ့ရသည်။ ။

# မီးဘေးသင့်အသင်းသားများအား ထောက်ပံ့ငွေပေးအပ်



မြင်းမူ မေ ၂၀

မြင်းမူမြို့နယ် သမဝါယမအသင်းစုခန်းမ၌ မေ ၆ ရက် နံနက် ၉ နာရီက မွန်မြတ်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ဧပြီ ၂၆ ရက်က ကျန်စစ်သားရပ်ကွက် မီးလောင်မှုဖြစ်ပွားရာတွင် မီးဘေးသင့်အသင်းသား လေးဦးအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ မြင်းမူမြို့ မွန်မြတ်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌဦးရွှေမန်းက အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တိုင်းဒေသကြီး သမဝါယမဦးစီးမှူးတို့က မီးဘေးသင့်အသင်းဝင် လေးဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းငါးသောင်းစီ ထောက်ပံ့ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** (၀၇၉)

# အမြန်လမ်းပေါ်၌ ကုန်တင်ယာဉ်သွားလာမှုနှင့် တန်ပိုတင်ဆောင်မှုကြောင့် ခရီးသွားများ အသက်ဆုံးရှုံး

နေပြည်တော် မေ ၂၀

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၅၈/၄)နှင့် (၂၅၈/၅)အကြား၌ မေ ၁၆ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် ဝါးများတင်ဆောင်လာသည့် GMC ကားအား ရန်ကုန်-မန္တလေး ပြေးဆွဲနေသော GI Group မှန်လုံခရီးသည်ယာဉ်က နောက်မှဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်း နှစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့် ခရီးသည်နှစ်ဦးအပါအဝင် စုစုပေါင်း ငါးဦး ပွဲချင်းပြီးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

အမြန်လမ်းမကြီးပေါ်၌ ခရီးသည်တင်ကားများသာ သွားလာခွင့်ရှိပြီး ကုန်တင်ကားများသွားလာခွင့်မရှိကြောင်း စည်းကမ်းထုတ်ပြန်ထားသော်လည်း ယာဉ်မောင်း ဦးထွန်းလှဆင့် မောင်းနှင်သည့် GMC ကားသည် ဝါးများအပြည့်ဖြင့် တန်ပိုတင်ဆောင်လာကာ တပ်ကုန်းလမ်းခွဲမှ ညအချိန်အမြန်လမ်းပေါ် ခိုးတက်မောင်းနှင်လာခဲ့ခြင်း၊ နောက်မီးနှင့် ရောင်ပြန်များမမြင်ရခြင်းများကြောင့်လည်းကောင်း၊ ခရီးသည်တင် မှန်လုံယာဉ်သည် ခရီးသည်နှင့်လက်ဆွဲတန်ဆာအပြင် ကုန်အချို့ပါ ကားဝမ်းဗိုက်အတွင်း တန်ပိုတင်လာခြင်းကြောင့် အဆင်းတွင် အရှိန်ပိုများပြီး မထိန်းသိမ်းနိုင်သောကြောင့်လည်းကောင်း ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်လမ်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လက်တွဲကာ ယခုထက်ပိုမို ထိန်းသိမ်းစစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကျန်းမာရေးသုတ

# ပန်းနာ ရင်ကျပ်ရောဂါ အပြေမှာ

ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)

*အဆုတ်ပန်းနာရောဂါဖြစ်စေတတ်သော အခြေအနေများမှာ အမှုန်အမွှားလုပ်ငန်းများ၊ အနံ့အသက်ဆိုးများ၊ အစားအသောက်အနေအထိုင်နှင့်သက်ဆိုင်နေပါသည်။ ဥရောပသုတေသနစစ်တမ်းအရ ပရင်တာအသုံးပြုသူများနှင့် သစ်အချောထည်လုပ်ငန်းမှ အလုပ်သမားများသည် ပရင်တာတပ်ဆင်အသုံးပြုထားသော တုံနာမှတစ်ဆင့်လွင့်ပျံ့ထွက်လာသည့် ဓာတုမှုန်များ၊ သစ်အချောထည်လုပ်ငန်းမှ သစ်အမှုန်လေးများ ပျံ့လွင့်မှုကိုရှူရှိုက်မိရာမှ ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ကင်ဆာများဖြစ်ပွားကြောင်း တွေ့ရှိထားပါသည်။*

### နက်နက်ရှိုင်းရှိုင်း

*အနံ့အသက်ဆိုးများနှင့် အဆိပ်အတောက်ပါသော ညစ်နွမ်းသည့် အငွေ့အသက်များကို ရှူရှိုက်မိရာတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ပေသည်။ နိုင်ငံတကာသုတေသီတို့၏ တွေ့ရှိချက်အရ ဒီဇယ်အင်ဂျင်မှ ထုတ်လွှတ်သည့် မီးခိုးတွင်ပါရှိသော အမှုန်အရေအတွက်မှာ ဓာတ်ဆီအင်ဂျင်မှ ထုတ်လွှတ်သည့် အမှုန်အရေအတွက်ထက် အဆ ၁၀၀ပိုများပြီး အဆုတ်အတွင်းသို့ နက်နက်ရှိုင်းရှိုင်း ဝင်လေသည်။ သွေးကြောအတွင်းသို့ပင် စုပ်ယူသွားနိုင်ပေသည်။ လေထုညစ်ညမ်းမှုမှာ ချောင်းဆိုးရင်ကျပ်မှုကိုဖြစ်စေပြီး အသက်ရှူကျပ်လာကာ ပန်းနာရင်ကျပ် ဝေဒနာ စွဲကပ်လာပေသည်။ အလားတူ နေအိမ်များတွင် အသုံးပြုနေသော ပိုးသတ်ဆေးများသည်လည်း အဆုတ်ပန်းနာရောဂါဖြစ်စေနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဆိုထားလေသည်။*

*ထို့အပြင် အသားများကို ကြာရှည်ခံအောင် ဆားနယ်ထားသောအသားခြောက်များ၊ ကျပ်တိုက်ခြောက်များ၊ အရောင်ဆိုးထားသောအသားများ စသည်တို့တွင် ဗက်တီးရီးယားပိုးများရှိတတ်သဖြင့် တစ်လ ၁၄ ကြိမ်ခန့် စားသုံးလေ့ရှိပါက အဆုတ်ပန်းနာရောဂါဖြစ်ပွားစေကြောင်း ဗြိတိန်သုတေသနပညာရှင် ဒေါက်တာရှိုင်ဂျန်းက ဖော်ပြထားပါသည်။*

*တစ်ဖန် ဗြိတိန်ပန်းနာရင်ကျပ်ရောဂါဌာနမှ ကလေးများ အချိန်ကြာမြင့်စွာ ရုပ်မြင်သံကြားကြည့်ခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ကြောင်း၊ ထိုင်နေချိန်များ၍ လှုပ်ရှားမှုနည်းခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။*

*အခြေအနေပိုဆိုးသည်မှာ အိမ်မွေးကြောင်များကြောင့် ကလေးငယ်များ ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားနိုင်ကြောင်း တွေ့ရှိချက်ပင်ဖြစ်သည်။ ကြောင်၏ အမွေးကြောင့်မဟုတ်ဘဲ အမွေးတွင် ဗိုင်းရပ်စ်ပိုးမွှားများ တွဲကပ်နေလေ့ရှိခြင်းကြောင့် ဖြစ်သည်။ အိမ်မွေးကြောင်များသည် မကြာခဏ ကိုယ်ခန္ဓာခါခြင်း၊ ခြေလက်များဖြင့် ခန္ဓာကိုယ်ကို ကုတ်ခြစ်ခြင်းတို့ကြောင့် ဗိုင်းရပ်စ်ပိုးများနှင့် ကြောင်မွေးများ နေအိမ်၌ ပျံ့နှံ့စေသဖြင့် အဆုတ်ပန်းနာရင်ကျပ်ရောဂါ ရရှိစေနိုင်သည်။ ပန်းနာရင်ကျပ်ရောဂါရှင် ကလေးငယ် ၂၀၀၀ တွင် ၇၅ ရာခိုင်နှုန်းမှာ အိမ်မွေးကြောင်များကြောင့်ဖြစ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များ၏ စစ်တမ်းအရ သိရှိရသည်။ ကိုယ်ဝန်ဆောင်မိခင်များ အခွံမာအသီးများ စားသုံးမှုများပါက ရင်သွေးငယ်များ ပန်းနာရောဂါ ဖြစ်နိုင်ကြောင်း၊ အမေရိကန်သုတေသနပညာရှင်များက ပြောဆိုထားသည်။ ဥပမာ-အုန်းသီး၊ သစ်ကြားသီး၊ သစ်အယ်သီး၊ မြေပဲနှင့် အခြားအသီးများဖြစ်ပေသည်။*

*ပန်းနာရင်ကျပ်ရောဂါ မဖြစ်ပွားစေရန်နှင့် သက်သာပျောက်ကင်းစေရန် ပြင်သစ်သုတေသီများနှင့် စပိန်၊ ဂရိ၊ ဗြိတိသျှပူးပေါင်းသုတေသနအဖွဲ့မှ အသက်ခုနစ်နှစ်မှ ၁၈ နှစ်အတွင်းရှိ ကျေးလက်ဒေသနေ ကလေး ၇၀၀ ခန့်ကို သုတေသနပြုရာတွင် ပန်းနာရင်ကျပ်ရောဂါမှ ကင်းဝေးစေရန် ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ နို့နှင့် နို့ထွက်ပစ္စည်းများ မျှတအောင်စားသုံးပေးရန် တိုက်တွန်းထားလေသည်။ ဟင်းသီးဟင်းရွက်ကို တစ်နေ့နှစ်ကြိမ်ကျွေးသင့်ကြောင်း အကြံပြုထားလေသည်။*

### တစ်နေ့တစ်ကြိမ်

*ဗြိတိန်အမျိုးသား နှလုံးနှင့်အဆုတ် သိပ္ပံသုတေသနဌာနမှ လန်ဒန်သုတေသနပညာရှင်များက "ပန်းသီးများဟာ ကလေးငယ်များရဲ့ အဆုတ်ကျန်းမာရေးနဲ့ ဆက်စပ်မှုရှိပါတယ်။ ကလေးငယ်များ ပန်းသီးဖျော်ရည်တစ်လတစ်ကြိမ် သောက်သုံးပါက ဓွဲသလိပ်ဖြစ်ပေါ်မှုကို ကာကွယ်ပါတယ်။ တစ်နေ့တစ်ကြိမ်သောက်ရင်တော့ အဆုတ်ပန်းနာရောဂါ ကာကွယ်ပြီးသားဖြစ်ပါတယ်"..ဟု ပြောကြားထားပါသည်။*

*တစ်ဖန် နေကြာစေ့ကို တစ်ပတ်လျှင်သုံးကြိမ်ခန့် သင့်တင့်စွာစားသုံးပေးခြင်းနှင့် ပန်းငရုတ်သီးကို ကြော်စား၊ ချက်စားပေးခြင်းပြုလုပ်ရန် တိုက်တွန်းထားပါသည်။ လူ ၂၀၀၀၀ ကို သုတေသနပြုချက်အရ နံ့စားပြောင်းကို တစ်နေ့နို့ဆီဘူး တစ်ဝက် ပုံမှန်စားပေးခြင်းနှင့် ကျွဲကောသီးဖျော်ရည်ကို တစ်ပတ်သုံးကြိမ်သောက်ပေးရုံဖြင့် ပန်းနာရင်ကျပ်ရောဂါကာကွယ်နိုင်ကြောင်း စင်ကာပူသုတေသနပညာရှင်များက ဖော်ထုတ်ပေးထားပါသည်။*

### အကြံပြု

*ပြင်သစ်နှင့် ဗြိတိန်ဆေးသိပ္ပံပညာရှင်များက ခြေလှမ်းသွက်သွက် လမ်းလျှောက်ပေးခြင်းနှင့် နေ့စဉ်နံနက်စောစော နာရီဝက်ခန့် စက်ဘီးစီးနင်းခြင်းများ ပြုလုပ်ပါက အဆုတ်ကျန်းမာရေးကို အထောက်အကူပြုကြောင်း အကြံပြုရေးသားထားသည်ကို လေ့လာတင်ပြလိုက်ရပါသည်။ ။*


## မီးဖို မီးကြွင်း မီးကျန် သတိပြုရန်နှိုးဆော်ချက်

- **သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။**
- **သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။**
- **မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။** (မီးသတ်ဦးစီးဌာန)

## ကိုသစ္စာ – ရေးသားသည်

# ရုပ်ရှင်မင်းသမီးဆာရက်ဟေလန် ကိတ်ဝင်းစလက်နှင့်ဇာတ်ကားသစ်ရိုက်ကူးမည်



**လော့စ်အိန်ဂျလိစ် မေ ၂၀**

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဆာရက်ဟေလန် **(ဝဲပုံ)**သည် ကျောက်ကပ်ဝေဒနာခံစားနေရသဖြင့် သူမ၏ဖခင်ဖြစ်သူက ကျောက်ကပ်အစားထိုးပေးခဲ့ရာ ခွဲစိတ်ကုသနိုင်ခဲ့ပြီဖြစ်သဖြင့် ကိတ်ဝင်းစလက်နှင့်အတူ ဇာတ်ကားသစ်တစ်ကားရိုက်ကူးရန် စီစဉ်နေပြီဖြစ်သည်။

အသက် ၂၁နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီးဟေလန်သည် ပြီးခဲ့သည့်နှစ်မှ စတင်ကာ ကျောက်ကပ်ပျက်စီးခဲ့ရာမှ ယခုအခါ ဖခင်ဖြစ်သူ၏ ကျောက်ကပ်ဖြင့် အစားထိုးကုသနိုင်ခြင်းဖြစ်သည်။ ယခုအခါ ရုပ်ရှင်မင်းသမီးဟေလန်သည် ပုံမှန်အတိုင်း ကျန်းမာရေးကောင်းမွန်လာခဲ့ပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကပြသခဲ့သည့် Modern Family အမည်ရှိ ရုပ်ရှင်ကားဖြင့် အောင်မြင်မှုရရှိခဲ့သောရုပ်ရှင်မင်းသမီးဆာရက်ဟေလန်သည် လက်ရှိဘဝတွင်လည်း ချစ်ခင်ဖွယ်ရာကောင်းသော မိသားစုအသိုက်အဝန်းတစ်ခုကို ပိုင်ဆိုင်ထားသူဖြစ်သည်။သူမ၏ဖခင်သည် သူ၏ကျောက်ကပ်ကို ပေးလှူရန်အမြဲအသင့်ရှိနေခဲ့သူဖြစ်ကြောင်း၊ မိမိခံစားနေရသောဝေဒနာကို အမြန်ဆုံးသက်သာရန် အတတ်နိုင်ဆုံး စွမ်းဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ရုပ်ရှင်မင်းသမီး ဆာရက်ဟေလန်က ပြောကြားသည်။

ရုပ်ရှင်မင်းသမီးဆာရက်ဟေလန်သည် လောလောဆယ်တွင် Iron အမည်ရှိ ဇာတ်ကားတစ်ကားရိုက်ကူးရန်ရှိနေပြီး ကျန်းမာရေးကောင်းမွန်သည်နှင့် စတင်ရိုက်ကူးမည်ဖြစ်သည်။ သူမအား ၂၀၁၂ခုနှစ်ကုန်၌ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီမှ ဒရာမာဇာတ်ကားတစ်ကားရိုက်ကူးရန်စီစဉ်ထားသည်။ ထို့အတူ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက်နှင့်အတူ ဆာရက်ဟေလန် ပါဝင်သရုပ်ဆောင်မည့် ရုပ်ရှင်ကားသစ်တစ်ကားကိုလည်း ဖောက်စ်ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးရန်စီစဉ်နေကြောင်း သတင်း၌ ဖော်ပြသည်။

**(အင်တာနက်)**

# ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ် ထင်ပေါ်ကျော်ကြားမှုအရှိဆုံးအဖြစ် ဖောဘတ်မဂ္ဂဇင်းကဖော်ပြ



**နယူးယောက် မေ ၂၀**

ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြားမှုအရှိဆုံး အနုပညာရှင်များအနက် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ်သည် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း ကမ္ဘာကျော် ဖောဘတ်မဂ္ဂဇင်းက ပြုစုထုတ်ပြန်သည့် မေ ၁၇ ရက် သတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)**

ထင်ပေါ်ကျော်ကြားမှုအရှိဆုံး အနုပညာရှင်များစာရင်းကို ပြုစုရာတွင် တစ်နှစ်တာ အနုပညာလုပ်ငန်းမှ ဝင်ငွေ၊ သတင်းစာနှင့် မဂ္ဂဇင်းများတွင် ဦးစားပေးဖော်ပြမှုနှင့် အင်တာနက်စာမျက်နှာများအပေါ်၌ ဖော်ပြမှုများပေါ်တွင် အခြေခံပြီး စာရင်းထုတ်ပြန်ခြင်းဖြစ်သည်။

ရုပ်မြင်သံကြား အစီအစဉ်တင်ဆက်သူ အော်ပရာဝင်းဖရေးမှာ ထင်ပေါ်ကျော်ကြားမှု၌ ဒုတိယနေရာတွင် ရပ်တည်နေသည်။ ဆယ်ကျော်သက်အဆိုတော် ဂျက်စတင်ဘီဘာက တတိယနေရာတွင် ရပ်တည်နေပြီး အဆိုတော် ရီဟန်နားမှာ စတုတ္ထနေရာ၌ တည်ရှိနေသည်။

ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါမှာ ကမ္ဘာ့ထင်ပေါ်ကျော်ကြားမှုအရှိဆုံး အနုပညာရှင်နေရာ၌ ပဥ္စမအဆင့်၌သာ ရပ်တည်နိုင်ခဲ့သည်။ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးဂျင်နီဖာလိုပက်ဇ်သည် ပြီးခဲ့သည့် ၁၂ လတာကာလအတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၅၂ သန်း ရရှိခဲ့သည်။

ကမ္ဘာ့ထိပ်တန်းအနုပညာရှင် ၁၀၀ တို့၏ စုစုပေါင်းဝင်ငွေများမှာ ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံမှ ယခုနှစ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံသို့ ကျဆင်းသွားခဲ့သည်။

**တစ်နှစ်ပတ်လုံး**

ထို့အတူ ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူ အော်ပရာဝင်းဖရေးမှာ ပြီးခဲ့သည့်နှစ်က တစ်နှစ်ပတ်လုံး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၂၉၀ ရရှိခဲ့သော်လည်း ယခုနှစ် ၁၂ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၆၅ သန်းအထိ ကျဆင်းခဲ့သည်။

**(အင်တာနက်)**




# ဟောလိဝုဒ်၌ ဒုတိယအကျော့ပြသသည့် ဝင်ငွေအကောင်းဆုံးဇာတ်ကားများ

**လော့စ်အိန်ဂျလိစ် မေ ၂၀**

အမေရိကန်နိုင်ငံတစ်ဝန်းတွင် ဒုတိယအကျော့အဖြစ် ယခု သီတင်းပတ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများအနက် ဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ Think Like A Man ဇာတ်ကားဖြစ်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ သန်းရရှိပြီး ထိပ်ဆုံး၌ရပ်တည်လျက်ရှိသည်။

ဒုတိယအများဆုံးဝင်ငွေရရှိသည့် ဇာတ်ကားမှာ The Pirates! Band of Misfits ရုပ်ရှင်ကားဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ သန်း ရရှိခဲ့သည်။ တစ်ဖန် တတိယဝင်ငွေအကောင်းဆုံးရရှိခဲ့သည့် ဇာတ်ကားမှာ The Lucky One ဇာတ်ကားဖြစ်ပြီး **(ဝဲပုံ)** ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ သန်းရရှိခဲ့သည်။ ထို့အတူ The Hunger Games ဇာတ်ကားမှာ ဒုတိယအကျော့အဖြစ်ပြန်လည် ပြသခဲ့ရာ ပထမသီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ သန်းရရှိခဲ့သည်ဖြစ်ရာ စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံးဇာတ်ကား ဖြစ်ခဲ့သည်။

ပဥ္စမမြောက် ဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ The Five Year Engagement ဇာတ်ကားဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ သန်းရရှိခဲ့သည်။

**(အင်တာနက်)**

## ကောင်းမြတ်သူ – စုစည်းသည်

# အဆိုတော် ဂျင်နီဖာလိုပက်ဇ် အိုင်ဒေါလ်ပြိုင်ပွဲမှ မထွက်သေးဟုဆို



**လော့စ်အိန်ဂျလိစ် မေ ၂၀**

ဂျင်နီဖာလိုပက်ဇ် **(ဝဲပုံ)**ဟာ အမေရိကန် အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲရဲ့ အကဲဖြတ်ဒိုင်ဖြစ်ပါတယ်။ သူမဟာ အမေရိကန် အိုင်ဒေါလ်မှာ နှစ်နှစ်ကြာ အလုပ်လုပ်ခဲ့သူ ဖြစ်ပါတယ်။ လိုပက်ဇ်ဟာ အမေရိကန်အိုင်ဒေါလ်ပြိုင်ပွဲဝင်ဒိုင်အဖြစ်မှ ထွက်ခွာသွားပြီလို့ သတင်းများ ထွက်ပေါ်ခဲ့ခြင်းအပေါ် သူမက မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်ပါတယ်။

"ကျွန်မ အိုင်ဒေါလ်က ထွက်သွားပြီဆိုတဲ့ သတင်းတွေဟာ လုံးဝမမှန်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး လာမယ့်နှစ်အထိ ဆုံးဖြတ်ချက်ချနိုင်ဦးမှာ မဟုတ်ပါဘူး"လို့ ဂျင်နီဖာလိုပက်ဇ်က ပြောပါတယ်။

"သေချာတာကတော့ ကျွန်မအခု ကမ္ဘာလှည့်သီဆိုမှုအစီအစဉ်တွေ စနေပါပြီ။ အမေရိကန်အိုင်ဒေါလ်မှာ ဒိုင်အဖြစ်လုပ်မယ်၊ မလုပ်မယ်ဆိုတာနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်မချနိုင်ပါဘူး။ ကျွန်မကမ္ဘာလှည့် ဖျော်ဖြေမှုအစီအစဉ်တွေပြီးမှ ဆုံးဖြတ်ချက်ချနိုင်မှာပါ" ဟု ပြောပါတယ်။ ဂျင်နီဖာလိုပက်ဇ်ဟာ ရုပ်ရှင်ရော ဂီတလောကမှာပါ အောင်မြင်နေတဲ့ အဆိုတော်တစ်ဦးဖြစ်ပါတယ်။

**(အင်တာနက်)**

# ညို့အားကြီးသူဟုဆိုတဲ့အတွက် ကျေးဇူးတင်ကြောင်း မီလီဆိုင်းရပ်စ်ပြောကြား



**လော့စ်အိန်ဂျလိစ် မေ ၂၀**

အဆိုတော် မီလီဆိုင်းရပ်စ်က သူ့ကို ညို့ဓာတ်အားကြီးသူလို့ ထင်တဲ့အတွက် ကျေးဇူးတင်တယ်လို့ ပြောပါတယ်။ သူမဟာ ဝတ်စားရာမှာ ခေတ်ဆန်လွန်းစွာ ဝတ်ဆင်လေ့ရှိပါတယ်။ ဒီလိုခေတ်ဆန်လွန်းတဲ့အတွက် ပရိသတ်တွေရဲ့အမြင်မှာ ညို့အားကြီးလွန်းသူလို့ ပြောဆိုကြပါတယ်။ ဒါပေမယ့် ပရိသတ်တွေက ဒီလိုထင်တဲ့အတွက် ကျေးဇူးတင်တယ်လို့ အဆိုတော် မီလီဆိုင်းရပ်စ်ကပြောပါတယ်။ အသက် ၁၉ နှစ်သာရှိသေးတဲ့ အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင် မီလီဆိုင်းရပ်စ် **(အပေါ်ပုံ)**ဟာ ကလေးသရုပ်ဆောင်ဘဝမှ သရုပ်ဆောင်နဲ့ အဆိုတော်ဖြစ်လာသူပါ။ လက်ရှိသူမဟာ အထက်တန်းကျောင်းတက်နေတဲ့ ကျောင်းသူတစ်ဦးသာရှိပါသေးတယ်။

သို့သော်လည်း မီလီဆိုင်းရပ်စ်ဟာ ပေါ့ပ်ဂီတလောကမှာ အောင်မြင်နေတဲ့ အဆိုတော်ဖြစ်နေပါပြီ။ Can't Be Tamed လို့ အမည်ရတဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်လည်း မကြာမီထွက်ဖို့ရှိတယ်လို့ ဆိုပါတယ်။အဆိုတော် မီလီဆိုင်းရပ်စ်ကို အောင်မြင်တဲ့ ဂီတလောကထဲရောက်အောင် ပို့ပေးသူကတော့ သူ့အဖေ ဘီလီရေးဆိုင်းရပ်စ်ပဲဖြစ်ပါတယ်။

**(အင်တာနက်)**

# အသက်ငယ်ငယ်နဲ့ သီချင်းဆိုပြိုင်ပွဲဒိုင်ဖြစ်လာတဲ့ အဆိုတော် ဒီမီလာဗာတို



***လော့စ်အိန်ဂျလိစ် မေ ၂၀***

*အမေရိကန်နိုင်ငံက X Factor ရုပ်မြင်သံကြားသီချင်းဆိုပြိုင်ပွဲဟာ ရွက်ပုန်းသီး အဆိုတော်တွေကို မွေးထုတ်ပေးနေတဲ့ ပြိုင်ပွဲတစ်ခုပါ။ ဒီပြိုင်ပွဲမှာ ဆုရတဲ့သူဟာ Epi Recorols နဲ့ အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိစာချုပ်တစ်ခုကို ချုပ်ဆိုပြီး တေးအယ်လ်ဘမ်ထုတ်ခွင့်ရမှာဖြစ်ပါတယ်။*

*ဒီရုပ်မြင်သံကြားသီချင်းဆိုပြိုင်ပွဲရဲ့အကဲဖြတ်ဒိုင်တွေကတော့ ဝါရင့်အဆိုတော်ကြီး ဘရစ်တနေစပီးယားနဲ့ ဆယ်ကျော်သက် အဆိုတော်ဒီမီလာဗာတို **(အပေါ်ဝဲပုံ)** တို့ပဲ ဖြစ်ပါ တယ်။ သူတို့နှစ်ဦးဟာ အမျိုးသားတေးသံရှင်တွေဖြစ်ကြတဲ့ ဆီမွန်ကိုဝဲလ်နဲ့ အယ်အေရိဒ်တို့နဲ့အတူ လာမယ့် ဆောင်းဦးရာသီ သီချင်းဆိုပြိုင်ပွဲတွေမှစပြီး အကဲဖြတ်ဒိုင်အလုပ်ကို လုပ်ကိုင်ကြရတော့မှာဖြစ်ပါတယ်။*

***ထုတ်ဖော်ပြောကြား***

*အကဲဖြတ်ဒိုင် အဖွဲ့ဝင်သစ်တွေဖြစ်လာကြတဲ့ ဘရစ်တနေစပီးယားနဲ့ ဒီမီလာဗာတိုတို့က အကောင်းဆုံးတေးစီးရီးတွေ ထုတ်လုပ်သွားဖို့ ကြိုးစားသွားမယ်လို့ နယူးယောက်မြို့မှာကျင်းပတဲ့ မိတ်ဆက်ပွဲမှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဘရစ်တနေစပီးယားဟာ ကမ္ဘာတစ်ဝန်းမှာ အယ်လ်ဘမ် သန်း ၁၀၀ ကျော်ရောင်းချခဲ့ရတဲ့ အဆိုတော်ဖြစ်ပါတယ်။ သူမဟာ ဗြိတိန်နိုင်ငံမှာ အရောင်းရဆုံး တေးအယ်လ်ဘမ်ရ အဆိုတော်တစ်ဦးလည်းဖြစ်ပါတယ်။*

***အောင်မြင်***

*အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ဒီမီလာဗာတိုဟာ X Factor သမိုင်းမှာတော့ အသက်အငယ်ဆုံး အကဲဖြတ်ဒိုင်ဖြစ်ပါတယ်။ သူမဟာ တေးအယ်လ်ဘမ် သုံးကြိမ်ထွက်ရှိထားတဲ့ အဆိုတော်ဖြစ်ပါတယ်။ သူမဟာ ဘရစ်တနေစပီးယားကဲ့သို့ အောင်မြင်ကျော်ကြားတဲ့ အဆိုတော်လည်းဖြစ်ပါတယ်။ "ကျွန်မအနေနဲ့ အသက်အရွယ်ငယ်ငယ်နဲ့ လုပ်ရတာ ဂုဏ်လည်းယူပါတယ်၊ စိတ်လည်းလှုပ်ရှားမိပါတယ်၊ ကျွန်မအနေနဲ့ အကောင်းဆုံးသီဆိုနိုင်မယ့်သူကို ရှာဖွေပေးဖို့ အသင့်ရှိပါတယ်"လို့ ဒီမီလာဗာတိုက ပြောပါတယ်။*

***(အင်တာနက်)***

# အဆိုတော်တေလာဆွစ် ကန်းထရီးဂီတဗိမာန်သို့ အမေရိကန်ဒေါ်လာလေးသန်းလှူဒါန်း



*တင်နက်ဆီ မေ ၂၀*

*အဆိုတော်တေလာဆွစ် (ယာပုံ)ဟာ အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်မှာရှိတဲ့ ကန်းထရီးဂီတဗိမာန်သင်တန်းကျောင်းမှ ဂီတကြယ်ပွင့်များကို ငါးနှစ်ကြာကန်းထရီးဂီတပညာများသင်ကြားပေးခဲ့တဲ့ ဂီတဆရာမတစ်ဦးဖြစ်ပါတယ်။*

*သူမက **Music Hall oF Fame and Museum** လို့အမည်ရတဲ့ ဂီတသင်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ လူငယ်တွေအတွက် အမေရိကန် ဒေါ်လာလေးသန်းလှူဒါန်းခဲ့တယ်လို့ဆိုပါတယ်။ ဒီလှူဒါန်းမှုမှာ အဆိုပါဂီတဗိမာန်သင်တန်းကျောင်းသို့ လှူဒါန်းတဲ့လှူဒါန်းမှုတွေထဲမှာ အများဆုံးဖြစ်တယ်လို့ဆိုပါတယ်။*

*အဆိုတော်တေလာဆွစ်ရဲ့ ဒီလှူဒါန်းတဲ့ရန်ပုံငွေတွေကို ၂၀၁၄ခုနှစ်မှာဖွင့်လှစ်မယ့် တေလာဆွစ်ပညာရေးစင်တာအတွက်လည်း ခွဲဝေပေးမယ်လို့ဆိုပါတယ်။*

*ဒီရန်ပုံငွေတွေဟာ ကန်းထရီးဂီတလောကမှ မျိုးဆက်သစ်တွေအတွက် ဂီတပညာကို များများသင်ယူနိုင်မယ့်အခွင့်အလမ်းပဲလို့ အဆိုပါဂီတဗိမာန်ကျောင်း ဒါရိုက်တာ ကိုင်လီယန်းကပြောပါတယ်။ အသက် ၂၂နှစ်အရွယ်ရှိတဲ့ အဆိုတော်တေလာဆွစ်ဟာ တေးရေး တေးဆို အဆိုတော်တစ်ဦးဖြစ်ပါတယ်။ သူမရဲ့ကန်းထရီးသီချင်းတွေဟာ ကမ္ဘာမှာ လူကြိုက်အများဆုံးဖြစ်သလို အရောင်းရဆုံးလည်းဖြစ်ပါတယ်။ သူမဟာ ဂရမ်မီဆု ခြောက်ကြိမ်ရခဲ့သူလည်းဖြစ်ပါတယ်။ ဒီနှစ်ထဲမှာအကောင်းဆုံးကန်းထရီး ဂီတပညာရှင်ဆုလည်းဆွတ်ခူးခဲ့သူဖြစ်ပါတယ်။ သူမရဲ့ကန်းထရီးသီချင်းတွေဟာ အာရှ၊ ဥရောပ၊ ဩစတြေးလျကဲ့သို့ နိုင်ငံများမှာလည်းလူကြိုက်များခဲ့သလို အမေရိကန်နိုင်ငံမှာလည်း ကန်းထရီးသီချင်းများနဲ့ အရောင်းရဆုံးအယ်လ်ဘမ်ရ အဆိုတော်တစ်ဦးဖြစ်ပါတယ်။*

*(အင်တာနက်)*



## သုံးခွမြို့နယ်၌ သုတပဒေသာစာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကိုင်းကုန်းကျေးရွာတွင် သုတပဒေသာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ) ထို့နောက် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်ကို စံငါးရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက စာအုပ်စာစောင်အုပ် ၁၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် အုပ်၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေဒီယိုတစ်လုံး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မညိုက စာအုပ်စာစောင် အုပ်၅၀၊ ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏ မြို့နယ်နေ ဦးအောင်ကျော်စိုး-ဒေါ်ညိမ်းညိမ်းထွေးမိသားစုက စာအုပ်စာစောင် အုပ်၅၀၊ ကိုင်းကုန်းကျေးရွာနေဦးတင်ထွန်းကြီး မိသားစုက စာအုပ်စာစောင် ၇၅ အုပ်တို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ အဆိုပါစာကြည့်တိုက်မှာ အလျား ၁၅ပေ၊ အနံ ၁၁ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ်သံဆန်ခါကာ တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၂၀

ကွမ်းခြံကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ပြန်လည်ဖွဲ့စည်းရေးကို မေ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်သိန်းက အမှာစကားပြောကြားပြီး စာနယ်ဇင်းဥက္ကဋ္ဌဦးစံရွှေ (တင်မောင်ထက်-ကွမ်းခြံကုန်း)က စာပေညီလာခံမှ အတည်ပြု ပြဋ္ဌာန်းခဲ့သော ရွေးချယ်ပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်သိန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ်စားလှယ် ဒေါ်နန်းဆွေနွယ်ဦး၊ စာရေးဆရာ ကိုယ်စားလှယ် ဦးသိန်းထွန်း(မောင်သက်နွယ်) တို့ ပါဝင်သော ရွေးချယ်ရေး ကော်မရှင်ရှေ့မှောက်တွင် စာရေးဆရာအသင်းကို ရွေးချယ်ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်- ကွမ်းခြံကုန်း)၊ အတွင်းရေးမှူး ဦးတင်မြင့် (မောင်နိဒါန်း-ကွမ်းခြံကုန်း)၊ ဘဏ္ဍာရေးမှူး ဦးစံငွေ (မောင်ငွေမှူး-ကွမ်းခြံကုန်း)၊ အလုပ်အမှုဆောင် ဒေါ်နန်းဆွေနွယ်ဦးနှင့် ဦးစိန်လှိုင်မြင့် (ဖိုးမာ)တို့အား ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ်ဥက္ကဋ္ဌ ဦးစံရွှေ(တင်မောင်ထက်-ကွမ်းခြံကုန်း)အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**



## လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ပူတာအိုခရိုင်၌ကျင်းပ

ပူတာအို မေ ၂၀

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး၊ ပူတာအိုဒေသရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်လျက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းသည်။

ဆက်လက်၍ ခေါင်လန်ဖူးမြို့နယ် ဦးစီးမှူး ဦးစိုးမိုးနိုင်က ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ နောင်မွန်မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက စာအုပ်စာစောင်များ မပျောက်ပျက်အောင် ထိန်းသိမ်းရေးနှင့် စေတနာရှင်များထံမှ အလှူငွေရှာဖွေ၍ ငွေပဒေသာပင်စိုက်ထူရေး၊ စာအုပ်စာစောင် တိုးပွားရေးအတွက် စာဌားစနစ်ကျင့်သုံးရေး၊ ပန်နန်းဒင်မြို့နယ်ခွဲ ဦးစီးမှူး ဦးအုန်းဖေက ကျေးရွာများ၌ စာကြည့်တိုက်ပိုင်မြေ အဆောက်အအုံ ဖြစ်လာစေရန် ဆောင်ရွက်ရေး၊ ပူတာအိုမြို့နယ် ဦးစီးမှူး ဦးဖုန်ဇီဒီးက စာကြည့်တိုက်တွင် ပရိဘောဂများ သင့်တင့်စွာရှိလာအောင် ဆောင်ရွက်ရေး၊ မချမ်းဘောမြို့နယ် ဦးစီးမှူး ဦးနန်ဇေ့ဖုန်ဆန်းက စာကြည့်တိုက်များ ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးကောင်းများ ရရှိရေး၊ လေ့ကျင့်ပျိုးထောင်ရေးနှင့် စေတနာရှိသော စာကြည့်တိုက်ကော်မတီ ဖြစ်အောင် စည်းရုံးရေးများကို ဆွေးနွေးကြသည်။ ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးညွန့်ရွှေက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၅ ရက်က မအူပင်မြို့နယ် ဘိုးဘွားရိပ်သာသို့ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်း အမှတ်(၁၇၂)နေ (ဦးဘဝမ်း) ဇနီး ဒေါ်တင်ညွန့် သားသမီးမြေးတစ်စုက ငွေကျပ် ၁၅သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း လက်ခံယူစဉ်။ (၀၆၈)

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရဲတပ်ဖွဲ့ဝင် မိသားစုများ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်သိန်း တပ်ဖွဲ့ဝင်သားသမီး တစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)



## တစ်ရွာတစ်ကေစိုက်ခင်းစိုက်ပျိုးရေး ပညာပေးဟောပြော

သာယာဝတီ မေ ၂၀

သာယာဝတီမြို့နယ် လှည်းလမ်းကူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ မေ ၁၆ ရက်က ကျေးလက်အိမ်ရာထူထောင်ရေး၊ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာ ပင် ၂၀၊ ကျေးရွာပိုင် သစ်မာစိုက်ခင်းတစ်ရွာတစ်ကေစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းသန်း **(အောက်ပုံ)**နှင့် သစ်တောဝန်ထမ်းများက ဟောပြောဆွေးနွေးကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် မိုးရာသီတွင် ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ကျွန်းပင် ၁၅၀၀၀၊ သစ်မာပင် ၆၃၀၀၀၊ ကျေးရွာပိုင် တစ်ရွာတစ်ကေစိုက်ခင်း ၁၀ ဧက အပင် ၁၂၀၀၀၊ ပြည်သူသို့ဖြန့်ဝေရန် ပျိုးပင် ၄၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သစ်တောဦးစီးဌာန)**



## ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက် ပေးအပ်လှူဒါန်း

ကောလင်း မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လူနာများအတွက် အသုံးပြုရန် ငွေကျပ် ၄၈၀၀၀၀ တန် အောက်ဆီဂျင်စက်တစ်လုံး ပေးအပ်လှူဒါန်းပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဒေါ်သောင်းအား ရည်စူးလျက် ကောလင်းမြို့ မြို့မရပ်နေ ဦးသိန်းမောင် (ကျောင်းအုပ်ဆရာကြီး-ငြိမ်း) ယုန်နို့ဆီရောင်းဝယ်ရေးမိသားစုက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်စိုးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၉၂)

## ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ကျူးကျော်အဆောက်အအုံများကြောင့် လမ်းပိတ်ဆို့နေ

**စာတည်းခင်ဗျား-**

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ရွှေဂုံရိပ်မွန်အိမ်ရာရှိ မြေညီထပ်အခန်းအများစုသည် ရှေ့၊ နောက်၊ ဝဲယာ အမိုး၊ အကာ ခြံစည်းရိုးများ ကျူးကျော်ဆောက်လုပ်ထားခြင်း၊ အခန်းရှေ့များတွင် ဆိုင်ခန်းများ အခိုင်အမာဆောက်လုပ်၍ ရောင်းချခြင်းတို့ကြောင့် လူသွားလမ်းပလက်ဖောင်းပိတ်ဆို့ပြီး သွားလာရေးအခက်အခဲဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### လမ်းဘေးဈေးသည်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် ၅၂ လမ်း (အောက်)နှင့် ကုန်သည်လမ်းထိပ် ဗိုလ်တထောင်မြို့နယ် တရားရုံးအရှေ့၊ ဘေးနှင့် နောက်ဖေးလမ်းကြားတို့တွင် လမ်းဘေးဈေး ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### ဒန်အိုးစက်မှစက်သံ ဆူညံလွန်း

**စာတည်းခင်ဗျား-**

တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃ ၁၃ လမ်းရှိ ဒန်အိုးစက်ရုံမှ ဆေးရည်များ ရပ်ကွက်တွင်းစွန့်ပစ်ခြင်း၊ စက်လည်ပတ်သံဆူညံခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ**

## မြန်မာ့အလင်း မှုခင်းသတင်း ၂၀-၅-၂၀၁၂

### အမှုန့်ကြိတ်စက်ညှပ်ပြီး စက်တာဝန်ခံသေဆုံး

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေတောင်လမ်းနေ ဒေါ်အရှီလာ(ခ) ဒေါ်ခင်မာလှဲ့ပိုင် ဆီစက်၊ အမှုန့်ကြိတ်စက်အတွင်း၌ မေ ၁၈ ရက် နံနက် ၈ နာရီက စက်တာဝန်ခံ ဇော်နိုင် ၃၄ နှစ် (ဘ)ဦးအုန်းဆင့်သည် အမှုန့်ကြိတ်စက် လည်ပတ်နေစဉ် မူလီကြိုး ဖြုတ်လိုက်ရာမှ မူလီကြိုးဖြင့်ညှပ်ပါသွားပြီး ရရှိသောဒဏ်ရာများကြောင့် သေဆုံးသွားကြောင်း သိရသည်။

**အမှုဖွင့်ထား**

အခင်းဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ငါးသိုင်းချောင်းရဲစခန်းက အမှုဖွင့်ထားကြောင်း သိရှိရသည်။ (၀၇၇)

### အိမ်မဲမြို့နယ်၌ အစာအဆိပ်သင့်မှုဖြစ်ပွား

အိမ်မဲမြို့နယ် ဖိုးကယ်ချောင်းကျေးရွာတွင် မေ ၁၃ ရက်က မင်္ဂလာပွဲတစ်ခု ကျင်းပရာ ဧည့်ပရိသတ်များကို ဝက်သားဟင်းနှင့် ဂေါ်ဖီအသုပ်ဖြင့် မနက်စာထမင်း ကျွေးမွေးဧည့်ခံပြီးနောက် စားသုံးမိသူများထဲမှ မေ ၁၅ ရက်တွင် အမျိုးသား ၁၃ဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးနှစ်ဦးတို့ အစာအဆိပ်သင့် အော့အန်မူးမေ့ကြသဖြင့် မြောင်းမြပြည်သူ့ဆေးရုံတွင် ကုသပေးရကြောင်း၊ မေ ၁၅ ရက်တွင် အမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦး၊ မေ ၁၆ ရက်တွင် အမျိုးသားတစ်ဦး၊ အမျိုးသမီး ငါးဦးတို့ ထပ်မံဖြစ်ပွားကြသဖြင့် မြောင်းမြပုဂ္ဂလိက ဆေးခန်းများ၌ကုသပေးလျက်ရှိသည်။ အဆိုပါ အစာအဆိပ်မိသူများထဲမှ မေ ၁၅ရက်က မြောင်းမြဆေးရုံတွင် ကုသမှုခံနေသော ဦးကျော်ထူး အသက် ၄၃နှစ် (ဘ)ဦးမောင်အောင် အိမ်မဲနေသူမှာ စိုးရိမ်နေရသည့်အပြင် ဖိုးကယ်ချောင်းကျေးရွာသူ ကျေးရွာသား ၃၈ ဦးလည်း မူးမော် အော့အန်မှုများ ရှိလာပြန်သဖြင့် လူကောင်းကျွန်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းတို့မှ အနီးကပ် စောင့်ရှောက်ကုသရေးဆေးခန်းများ ဖွင့်လှစ်၍ ကုသပေးလျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

### ကျွန်းသား တံခါးရွက်များ ဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျွန်းကလေးတာဆုံတွင် မေ ၉ ရက်က မြို့နယ်သစ်တောဦးစီးအရာရှိ ဦးနိုင်နေသိန်းနှင့်ဝန်ထမ်းများ၊ ကျွန်းကလေးရဲကင်းမှူး ဒုတိယရဲအုပ် အောင်မင်းဇော်နှင့်တပ်ဖွဲ့ဝင်များသည် သတင်းအရ ပြည်ဘက်မှ ရန်ကုန်ဘက်သို့ သက်လှိုင်ဦး အသက် ၂၇နှစ် (ဘ)ဦးလှသိန်း နတ်စင်လမ်း ကမ်းနားရပ်ကွက် ကြည့်မြင်တိုင်နေသူ မောင်းနှင်လာသည့် CANTERအမျိုးအစား ယာဉ်အမှတ် ၈ဃ/. . . အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ကျွန်းသစ်များဖြင့်ပြုလုပ်ထားသည့် တံခါးရွက်ဆိုက်စုံ ချပ်၁၉၀ (၁ ဒသမ ၄၃၂၈)တန်အား တရားမဝင်သယ်ယူလာကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ယာဉ်မောင်းနှင့်အတူ ယာဉ်နောက်လိုက် အောင်ထွန်းဦး အသက် ၂၈နှစ် (ဘ)ဦးစောလှ ဇီးကုန်းစံပြရွာ ရွှေပြည်သာမြို့နယ်နှင့် မော်တော်ယာဉ်ပေါ်လိုက်ပါလာသူ မခင်မာလွင် အသက် ၃၉နှစ် (ဘ) ဦးရွှေ စံပြရပ်ကွက် ဥက္ကံနေသူတို့သုံးဦးအား လက်ပံတန်းရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၉၈)

မောင်မောင်မြင့်ဆွေ − စုစည်းသည်



# ချယ်လ်ဆီးတို့ဆက်တိုက်ကံကောင်းနေ ပယ်နယ်တီဖြင့်ချန်ပီယံလိဂ်ဖလားဆွတ်ခူး

မြူးနစ် မေ ၂၀

၂၀၁၂ ခုနှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးတို့ မေ ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက ပယ်နယ်တီအဆုံးအဖြတ် လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိပြီး ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ကြသည်။ (ဝဲပုံ)

**အားဖြည့်ကစား**

ယခုပွဲ၌ ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးတို့နှစ်သင်းစလုံး အဓိကကစားသမားများဖြင့် ပွဲထွက်လာခဲ့ကြသည်။ ဘိုင်ယန်မြူးနစ်က တိုက်စစ်တွင် ဂိုမက်စ်၊ မူလာ၊ ရော်ဘင်အပြင် ရီဘာရီကိုလည်း တိုက်စစ်တွင် အားဖြည့်ကစားခဲ့သည်။

**ဂိုးမသွင်းနိုင်**

ချယ်လ်ဆီးတို့ကလည်း တိုက်စစ်တွင် ကာလူး၊ ဒရော့ဘာ၊ မာတာတို့ထားပြီး ကွင်းလယ်၌ မီခေးလ်၊ လမ်းပတ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားခဲ့ကြသော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန်အတွင်း၌လည်း ဂိုးမသွင်းနိုင်ကြရာ ပွဲချိန် ၈၃ မိနစ်တွင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မူလာက ဂိုးသွင်းနိုင်ခဲ့သည်။ သို့သော် ပွဲပြီးခါနီး ၈၈ မိနစ်၌ ဒရော့ဘာက မာတာ၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ကာ ချေပဂိုးသွင်းယူရာမှ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ပွဲပြီးသည်အထိ နှစ်သင်းစလုံးဂိုးထပ်မံမသွင်းနိုင်ခဲ့ရာမှ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းယူခဲ့သည်။ ပယ်နယ်တီငါးလုံး ကန်သွင်းရာတွင် ဘိုင်ယန်မြူးနစ်မှ အိုပစ်နှင့် ရှုဝိန်းစတေဂါတို့ လွဲချော်ခဲ့သဖြင့် သုံးဂိုးသာရရှိခဲ့သည်။ ချယ်လ်ဆီးမှ မာတာကန်သွင်းမှု လွဲချော်ခဲ့သည်မှအပ ဒရော့ဘာ၊ အက်ရှ်လေကိုး၊ လမ်းပတ်၊ ဒေးဗစ်လုဇ်တို့ ပယ်နယ်တီဝင်အောင် ကန်သွင်းခဲ့သဖြင့် ပွဲအပြီး၌ ချယ်လ်ဆီးတို့ လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)



# ရောမတင်းနစ်ပြိုင်ပွဲ နာဒယ်ဗိုလ်လုပွဲတက်

ရောမ မေ ၂၀

ရောမမာစတာတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းအကြိုဗိုလ်လုပွဲများကို မေ ၂၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ်က ပြိုင်ဘက်စပိန်တင်းနစ်သမား ဒေးဗစ်ဖာရာအား ၇-၆(၈-၆)၊ ၆-၀ဖြင့် အနိုင်ကစားပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။

ထို့အတူ နောက်ထပ်အကြိုဗိုလ်လုပွဲအဖြစ် ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်နှင့် ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒဲရားတို့ပွဲတွင် ဂျိုကိုဗစ်က ၆-၂၊ ၇-၆ (၇-၄) ဖြင့်အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်နှင့် ဂျိုကိုဗစ်တို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(အင်တာနက်)

# ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ တရုတ်တန်းကျော်အပြေးသမား လူစင်းဗိုလ်စွဲ

ရှန်ဟိုင်း မေ ၂၀

နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် ဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ မေ ၂၀ ရက်က ဆက်လက်ကျင်းပရာ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ တရုတ်အပြေးသမား လူစင်းက ၁၂ ဒသမ ၉၇ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ဗိုလ်စွဲခဲ့သည်။ (ယာပုံ)

အသက် ၂၈ နှစ်အရွယ်ရှိ အေသင်အိုလံပစ်ချန်ပီယံ လူစင်းသည် ပြီးခဲ့သည့် သီတင်းနှစ်ပတ်ကျော်က အမေရိကအပြေးသမား အဲရစ်မာရစ်၏ မီတာ ၁၁၀ တန်းကျော်ပြေးမှုစံချိန် ၁၃ ဒသမ ၁၃ စက္ကန့်ကို ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုမီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ အမေရိကန်အပြေးသမား ဒေးဗစ်အိုလီဗာက ၁၃ ဒသမ ၁၃ စက္ကန့်ဖြင့် ဒုတိယ၊ နောက်ထပ် အမေရိကန်အပြေးသမား ရစ်ချက်ဆင်က ၁၃ ဒသမ ၁၆ စက္ကန့်ဖြင့် တတိယနှင့် အမေရိကအပြေးသမား မာရစ်က ၁၃ ဒသမ ၂၆ စက္ကန့်ဖြင့် စတုတ္ထရရှိခဲ့သည်။

**ပြောကြား**

မိမိသည် မီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ ၁၃ စက္ကန့် အောက်ပြေးနိုင်မည်ဟု ယုံကြည်ခဲ့ကြောင်း၊ ယင်းစိတ်ဓာတ်ဖြင့် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစံချိန်ကို ဆက်လက်ထိန်းသိမ်းလေ့ကျင့်ပြီး ၂၀၁၂ အိုလံပစ်အားကစားပွဲ၌ အနိုင်ရရှိရေး ကြိုးစားသွားမည်ဖြစ်ကြောင်း လူစင်းကပြောကြားသည်။

အမျိုးသားမီတာ ၁၁၀ ကမ္ဘာ့စံချိန်မှာ ၂၀၀၆ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံတွင် ၎င်းတင်ထားခဲ့သည့် ၁၂ ဒသမ ၈၈ စက္ကန့်ဖြစ်သည်။ ယင်းစံချိန်ကို တရုတ်အပြေးသမား လူစင်းက ထပ်မံချိုးနိုင်ရန်ကြိုးစားမည်ဟုဆိုသည်။

(အင်တာနက်)



မြင့်မောင်စိုး − စုစည်းသည်



# စကော့တစ်ဖလားဗိုလ်လုပွဲ ဟတ်အသင်းအနိုင်ရဗိုလ်စွဲ

ဆဲလ်တစ် မေ ၂၀

စကော့တလန်ကလပ်အသင်းများဖြစ်ကြသည့် ဟတ်အသင်းနှင့် ဟိုက်ဘာနီယန်အသင်းတို့သည် မေ ၂၀ရက် နံနက်ပိုင်းတွင် စကော့တစ်ဖလား ဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကစားကြရာ ဟတ်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ (ဝဲပုံ)

ဟတ်အသင်းသည် အဆိုပါ စကော့တစ်ဖလားကို ရှစ်ကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းအသင်းသည် ယင်းပြိုင်ပွဲအနိုင်ရဗိုလ်စွဲခဲ့၍ စကော့တလန် ပရီမီယာလိဂ်မှတစ်ဆင့် ယူရိုပါလိဂ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်သွားသည်။ ဟတ်တို့ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် လာမည့်နှစ်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားပြီဖြစ်သည်။

(အင်တာနက်)



# ဒေးဗစ်ပရင့်စ်က ဆက်တန်ကိုအလဲထိုး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်များရယူ

လီဗာပူး မေ ၂၀

လီဗာပူးမြို့သား ဒေးဗစ်ပရင့်စ် (ဝဲပုံ)သည် မေ ၁၉ ရက်တွင် လီဗာပူးမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ဘက် ဆမ်ဆက်တန်ကို လေးချီမြောက်တွင် အလဲထိုးပြီး ဗြိတိသျှနှင့် ဓနသဟာယ ဟဲဗီးဝိတ် ချန်ပီယံခါးပတ်များကို ရယူသွားခဲ့သည်။

အိုလံပစ်ကြေးတံဆိပ်ရှင်ဟောင်းနှင့် ဓနသဟာယ ရွှေတံဆိပ်ဆုရှင် ပရင့်စ်သည် နောက်ဆုံးအချီပွဲသိမ်းအလဲမထိုးမီ ဆက်တန်ကို နှစ်ကြိမ်တိုင်ကြမ်းပြင်သို့ အလဲထိုးချနိုင်ခဲ့သည်။ ဒေးဗစ်ပရင့်စ်သည် နေ့ဝှစ်မြို့သား ဆက်တန်ကို ညာလက်သီးဖြင့် ပွဲသိမ်းအလဲမထိုးမီ အစောပိုင်းအချီများတွင် ဘယ်လက်သီးကို အများဆုံးအသုံးပြုထိုးသတ်သွားခဲ့သည်။

"ဒီလက်ဝှေ့ပွဲကတော့ ကျွန်တော့်တစ်သက်အကြိုက်ဆုံးပြိုင်ပွဲပါပဲ၊ ဒီကနေ ကျွန်တော်ဆက်တိုက်အောင်ပွဲတွေရဖို့ ကြိုးစားသွားမှာပါ"ဟူ၍ ဒေးဗစ်ပရင့်စ်က စကိုင်းစပေ့ါတ်သို့ ပြောကြားသည်။

ဒေးဗစ်ပရင့်စ်သည် လက်ရှိ ၁၃ ပွဲထိုးသတ်ရာတွင် တစ်ပွဲမျှရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။ အရပ် ၆ ပေနှင့် ၈ လက်မရှိသည့် ဒေးဗစ်ပရင့်စ်သည် ၁၃ ပွဲတွင် ၁၁ ပွဲအလဲထိုးဖြင့် အနိုင်ရထားသူဖြစ်သည်။

(အင်တာနက်)

# ဘယ်လ်ဂျီယံလူငယ်ကစားသမား အီဒင်ဟာဇတ် ချယ်လ်ဆီးခေါ်ယူမည်

လန်ဒန် မေ ၂၀

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အက်ဖ်အေဖလားနှင့်ချန်ပီယံလိဂ် ဆုဖလားဆွတ်ခူးခဲ့ပြီးနောက် လာမည့် ရာသီတွင် မန်ယူနှင့် မန်စီးတီးတို့ကို ယှဉ်နိုင်ရန် ကစားသမားအသစ်ခေါ်ယူရေး ပြင်ဆင်လျက်ရှိသည်။

**ကမ်းလှမ်း**

ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဘရာမိုဗစ်ချ်က ဘယ်လ်ဂျီယံကြယ်ပွင့် အီဒင်ဟာဇတ်ကို တစ်ပတ်ပေါင် ၂၅၀၀၀၀ပေးပြီး ခေါ်ယူရန် ကမ်းလှမ်းထားသည်။

ကွင်းလယ်ကစားသမား အီဒင်ဟာဇတ်သည် ပြင်သစ်ကလပ် လိုင်လီတွင် ကစားနေသူဖြစ်သည်။ ၎င်းအား ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း၃၀ ဖြင့် ငါးနှစ်သက်တမ်းအဖြစ် စာချုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။ မန်ယူနှင့် မန်စီးတီးတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်သည်။

(အင်တာနက်)



လိုင်လီကွင်းလယ်ကစားသမား အီဒင်ဟာဇတ်၏ ထိုးဖောက်ကစားဟန်။

# ချန်ပီယံရှစ်ဗိုလ်လုပွဲ ဝက်စ်ဟမ်းဖလားဆွတ်ခူး

လန်ဒန် မေ ၂၀

ဝက်စ်ဟမ်းအသင်းနှင့် ဘလက်ပူးလ်အသင်းတို့သည် မေ ၂၀ ရက် နံနက်ပိုင်းက ချန်ပီယံရှစ် Play-off ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးသွားခဲ့သည်။ (ယာပုံ)



ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြသည့် အဆိုပါပြိုင်ပွဲတွင် ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူး ကာတန်ကိုးလ်က ပွဲချိန် ၃၅ မိနစ်တွင် အဖွင့်ဂိုးသွင်းယူသည်။ သို့သော်လည်း ပွဲချိန် ၄၈ မိနစ်တွင် ဘလက်ပူးလ်အသင်းမှ အင်ဆေးက ချေပဂိုး သွင်းယူခဲ့သည်။ နှစ်သင်းစလုံးသည် အနိုင်ဂိုးသွင်းခွင့်များကို ဖြုန်းတီးပစ်ခဲ့ကြသည်။ ပွဲချိန် ၈၇ မိနစ်တွင် ရီကာဒိုဗက်တေးက ဝက်စ်ဟမ်းအသင်းအတွက် ၁၂ ကိုက်အကွာမှ အနိုင်ဂိုးသွင်းယူခဲ့သည်။

နည်းပြဆမ်အလာဒိုက်၏ ဝက်စ်ဟမ်းအသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ဆုဖလားနှင့်အတူ ဆုကြေး ပေါင်သန်း ၄၀ ရရှိသွားခဲ့သည်။ ထို့အပြင် လာမည့်နှစ် ပရီမီယာလိဂ်တန်းတက်ခွင့်ကိုပါ ရရှိသွားခဲ့သည်။

(အင်တာနက်)

# အခြေခံလူတန်းစားများ ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေး အလေးထား ခရီးသည်နှင့်ရေယာဉ်အန္တရာယ်ကင်းရှင်းရေး အစဉ်ဂရုပြုဆောင်ရွက်

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗိုလ်တထောင်ဆိပ်ကမ်း ဆိပ်ခံတံတားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





**နေပြည်တော် မေ ၂၀**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မေ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗိုလ်တထောင်ဆိပ်ကမ်း အမှတ်(၆) တံတားသို့ရောက်ရှိပြီး ဆိပ်ခံတံတားများအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ဗိုလ်တထောင် အမှတ်(၆) ဆိပ်ခံတံတားတွင် အလျား ၁၁၆ မီတာ၊ အနံ ၆၃ မီတာနှင့် ရေစူး ၅ ဒသမ ၅ မီတာရှိ ရေယာဉ်ကြီးအားဆိုက်ကပ်ကာ ရေပေါ်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို တင်ပြသည်။

**မှာကြား**

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်တထောင်ကမ်းနားဒေသတစ်လျှောက် ခေတ်မီလှပသော ဆိပ်ကမ်းတစ်ခုဖြစ်လာစေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေပေါ်ဟိုတယ်လုပ်ငန်းဆောင်ရွက်ရာတွင်လည်း လာရောက်သော ဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့် အန္တရာယ်ကင်းရှင်းစွာ တည်းခိုနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပန်းဆိုးတန်း-ဒလ ကူးတို့လက်မှတ်ရုံသို့ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပန်းဆိုးတန်း-ဒလ ကူးတို့ခရီးလမ်းအခြေအနေနှင့် i Pay Card စနစ်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးက ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းသည် နေ့စဉ်ခရီးသည် ၃၀၀၀၀ ကျော် စီးနင်းနေသော ကူးတို့လမ်းဖြစ်ကြောင်း၊ လူတန်းစားအလွှာစုံ စီးနင်းအသုံးပြုနေသော ကူးတို့လမ်းဖြစ်၍ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ i Pay Card စနစ်စတင်အသုံးပြုရာတွင်လည်း ခရီးသည်များ စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် စနစ်တကျကြိုတင်စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ရောက်ရှိပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် နှစ်စဉ်ခရီးသည် ၂၄ သန်းကျော် သယ်ယူပေးနေရသည့် ဌာနဖြစ်၍ အမြတ်အစွန်းရရှိရေးကို အဓိကမထားဘဲ အခြေခံလူတန်းစားများ၏ ခရီးသွားလာလွယ်ကူချောမွေ့စေရေးကို အထူးဂရုပြုအလေးထားဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားအများစု စီးနင်းနေသည့် ကူးတို့ခရီးလမ်းများ၏ ခရီးသည်ခတိုးမြှင့်မှုကို ဂရုပြုရှောင်ရှားပြီး ၎င်းတို့၏အကျိုးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ခရီးသည်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အစဉ်ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီအမံများလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ဝန်ထမ်းအားလုံးက ပွင့်လင်းမြင်သာသည့် ပြည်သူလူထု အမြင်ကြည်လင်စေမည့် ဆောင်ရွက်လုပ်ကိုင်မှုမျိုးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**အာကာသသိပ္ပံ** | ကောင်းမြတ်သူ ➤ ရေးသားသည်

## တန်ချိန် ၁၄၀၀၀၀ရှိ ဂြိုဟ်သိမ် ကမ္ဘာမြေအနီးမှ ဖြတ်မည်



**နာဆာ မေ ၂၀**

တန်ချိန် ၁၄၀၀၀၀ ခန့်ရှိသည့် ဂြိုဟ်သိမ်တစ်လုံးသည် လာမည့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာမြေအနီးမှ ဖြတ်သန်းသွားလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းပြောကြားသည်။

**လေ့လာတွေ့ရှိ**

စပိန်နိုင်ငံရှိ လာဆာဂရာနက္ခတ်တာရာလေ့လာရေးစခန်းမှ နက္ခတ္တဗေဒ သိပ္ပံပညာရှင်များသည် 2012 DA 14 ဟု ခေါ်ဆိုသည့် ဂြိုဟ်သိမ်ကို နက္ခတ်တာရာကြည့်မှန်ပြောင်းမှတစ်ဆင့် လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်သိမ်သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကမ္ဘာမြေအနီးမှ ဖြတ်သန်းသွားမည်ဖြစ်သည်။ ၎င်းဂြိုဟ်သိမ်သည် ကမ္ဘာမြေကို ဝင်မတိုက်နိုင်သော်လည်း ကမ္ဘာမြေပြင်အထက်ရှိ ဂြိုဟ်တုများကို တိုက်ချသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းပြောကြားသည်။

အကျယ်အဝန်း ပေ ၁၅၀ ကျော်ရှိသည့် အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာမြေကို ဝင်တိုက်နိုင်သည့် ရာခိုင်နှုန်းသည် ၀ ဒသမ ၀၃၁ ရှိသည်ဟု နာဆာသိပ္ပံပညာရှင်တစ်စုက ခန့်မှန်းပြောကြားနေကြသည်။ အလားတူဂြိုဟ်သိမ်တစ်လုံးသည် ၁၉၀၈ ခုနှစ်က ကမ္ဘာမြေသို့ ဝင်တိုက်ခဲ့ရာ ဆိုက်ဘေးရီးယားတွင် သစ်တောစတုရန်းမိုင် ရာနှင့်ချီ၍ ပျက်စီးသွားခဲ့သည်။

ယင်းဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၁၀၀၀ အကွာမှ ဖြတ်သန်းသွားလိမ့်မည်ဟူ၍လည်း သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြသည်။

**(အင်တာနက်)**

---



**အင်တာနက်ကျန်းမာရေး**

## ကော်ဖီနေ့စဉ်သောက်သုံးခြင်းဖြင့် ကျန်းမာရေးပို၍ ကောင်းစေနိုင်

***လန်ဒန် မေ ၂၀***

*ကော်ဖီကို နေ့စဉ်သောက်သုံးပေးခြင်းဖြင့် သက်ရှည်ကျန်းမာစေနိုင်ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။ ကော်ဖီကိုများများသောက်သုံးပေးခြင်းဖြင့် အပယိက နာဖျားမှုအမျိုးမျိုးမှ ကာကွယ်နိုင်ကြောင်းလည်း သုတေသီများက လေ့လာတွေ့ရှိထားသည်။ အသက် ၅၀ နှင့် ၇၁ ကြားရှိ လူပေါင်း ၄၀၀၀၀၀ ကျော်တို့အား ကော်ဖီသောက်သုံးခြင်းနှင့်ပတ်သက်ပြီး သုတေသနပြုရာ အထက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။*

*ကော်ဖီသောက်သုံးခြင်းဖြင့် လေဖြတ်ခြင်းရောဂါ၊ ဆီးချိုရောဂါနှင့် အခြားသော ကူးစက်ရောဂါ ခံစားနေကြရသော ဝေဒနာရှင်များအတွက် သက်သာရာရစေနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။ ကော်ဖီသောက်သုံးခြင်းဖြင့် ကျန်းမာရေး ပိုမိုကောင်းမွန်စေနိုင်ကြောင်း အမေရိကန်သုတေသီများက လေ့လာတွေ့ရှိခဲ့ရာ နယူးအင်္ဂလန် ဆေးဂျာနယ်၌ ရေးသားဖော်ပြထားသည်။*

*အမေရိကန်နိုင်ငံ ကင်ဆာသုတေသန အမျိုးသားကျန်းမာရေးဌာနတို့မှ သုတေသနပညာရှင်များသည် ကော်ဖီသောက်သုံးခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးသုတေသနပြုလုပ်ခဲ့ကြသည်။ ၁၉၅၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကော်ဖီသောက်သုံးသူ အမျိုးသား ၂၂၉၀၀၀၊ အမျိုးသမီး ၁၇၃၀၀၀ တို့အား သုတေသနပြုခဲ့ကြခြင်းဖြစ်သည်။ ယင်းတို့အား အဆိုပါ ကာလအတွင်း ကော်ဖီသောက်သူများနှင့် ကော်ဖီမသောက်သူများဟူ၍ ခွဲခြားပြီး သုတေသနပြုခဲ့ရာ ကော်ဖီသောက်သူများမှာ ပို၍အသက်ရှည်ကျန်းမာစေကြောင်း လေ့လာတွေ့ရှိရသည်ဟုဆိုသည်။* ***(အင်တာနက်)***

---


မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

နေဂြိုဟ်၏ မျက်နှာပြင်ကို သောကြာဂြိုဟ် ဖြတ်သန်းမည် စာ - ၄





ဩစတြေးလျမှ အသက်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦး ကမ္ဘာ့အသက်ငယ်ဆုံး ပန်းချီပညာရှင် ဖြစ်လာ စာ - ၄

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ် ထင်ပေါ်ကျော်ကြားမှုအရှိဆုံးအဖြစ် ဖောဘတ်မဂ္ဂဇင်းက ဖော်ပြ စာ - ၇





ချယ်လ်ဆီးတို့ ဆက်တိုက် ကံကောင်းနေ ပယ်နယ်တီဖြင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူး စာ - ၁၁

ဒေးဗစ်ပရင့်စ်က ဆက်တန်ကို အလဲထိုး ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်များရယူ စာ - ၁၁